
# I Learn from Children

Caroline Pratt

mgyoe.com



တက်တိုး

(မောင်လှသွင် - ဘီအေ) ၊

# ဆရာမဘဝ

AN ADVENTURE


IN PROGRESSIVE EDUCATION

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း



Caroline Pratt(1867-1954)



လောကတွင် အဘယ်ကလေးမှ
ညံ့ဖျင်းသည်ဟု ကျွန်ုပ် မတွေ့ခဲ့ဘူးပါ။
ညံ့ဖျင်းသော မိဘများကိုသာ
တွေ့ခဲ့ရသည်။

TT0016
2,200.00 KS

mgyoe.com

ဆရာမဘဝ၊ တက်တိုး

တမျက်နှာ ၂၁၂ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
ရှမဝစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဆရာမဘဝ


# I LEARN FROM CHILDREN

**Caroline Pratt**

တက်တိုး

(မောင်လှသွင်–ဘီအေ)

မြန်မာပြန်




ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁ | ကျောင်းဆိုတာ ဘာလဲ | ၁ |
| ၂ | ရှေးဦးစွာ စမ်းသပ်ခြင်းများ | ၂၀ |
| ၃ | စမ်းသပ်ခြင်း | ၃၄ |
| ၄ | ကျောင်း စတင်တည်ထောင်ခြင်း | ၄၈ |
| ၅ | ကျောင်းသစ်အတွက် ကျောင်းဆရာသစ်များ | ၇၀ |
| ၆ | မက်ဒူးဂဲ(လ်) ပြောင်းရွှေ့ခဲ့ခြင်း | ၈၆ |
| ၇ | ခုနစ်နှစ်အရွယ်များ ကြီးပြင်းလာကြသည့်နှစ် | ၁၀၄ |
| ၈ | ရှစ်နှစ်အရွယ်တို့ အလုပ်လုပ်ခြင်း | ၁၂၇ |
| ၉ | ကလေးများအတွက် နောက်ထပ်လုပ်ငန်းများ | ၁၄၀ |
| ၁၀ | စာပေသင်ကြားခြင်း၏ အလှည့်ကြုံခြင်း | ၁၅၇ |
| ၁၁ | ကလေးများ၏ ကလေးများအတွက် ပြဇာတ်များ | ၁၆၆ |
| ၁၂ | ဒီမိုကရေစီသဘောငယ်လေးဖြစ်ခြင်း | ၁၇၇ |
| ၁၃ | ကျောင်းဆရာ သမဝါယမ | ၁၉၂ |
| ၁၄ | မိဘများအတွက် ပညာရေး | ၂၀၀ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း [ ၁ ]
## ကျောင်းဆိုတာ ဘာလဲ

ကျွန်မသည် မြို့ကြီးပြကြီးရှိ ကျောင်းများနှင့် တောနယ်ကျောင်းများတွင် ကျောင်းဆရာမအဖြစ် ဆောင်ရွက်နေစဉ်က တွေးမိသည်မှာ ကျောင်းများတွင် အမြဲတမ်းဆရာဝန်တစ်ဦး ထားသင့်ကြောင်းပင် ဖြစ်သည်။ ထိုဆရာဝန်မှာ ကျောင်းသားများအတွက် မဟုတ်ပါ။ ကျောင်းများကို လာရောက်ကြည့်ရှုသူတို့အတွက် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတစ်ရံ ကျောင်းသို့ လာရောက်ကြည့်ရှုသူတို့သည် ကျောင်း၌ လုပ်ကိုင်ပုံကို တစ်မနက်စာမျှ စောင့်ကြည့်လိုက်ပါမူ စိတ်အတော် ထိခိုက်သွားတတ်ကြသောကြောင့်ပင်။

မိခင်များအတွက်ကား ဤသို့ ဖြစ်ချင်မှဖြစ်ပေမည်။ များသောအားဖြင့် မိခင်များသည် ကျောင်းများကို လာရောက်ကြည့်ရှုသောအခါ ပျော်ရွှင်ကျေနပ်သွားတတ်ကြသည်။ ကလေးများ ပျော်ပါးကစားနေကြသည်ကို ကြည့်သွားတတ်ကြသည်။ သို့သော် ထိုကလေးများ အဘယ်ကြောင့် ပျော်ရွှင်နေကြသည်ကိုကား တွေးလေ့မရှိ။ ပျော်ရွှင်နေခြင်းသည်ပင်လျှင် အခိုက်အတန့်အားဖြင့် မိခင်အတွက် ကျေနပ်ဖွယ် ဖြစ်ပေတော့သည်။

mgyoe.com

mgyoe.com

တစ်ခါတစ်ရံ ဖခင်တစ်ဦးသည် ကလေးတွေကိုကြည့်ရင်း စိတ်ပူပန်သွားတတ်ချေသည်။ ဤသို့ ယောက်ယက်ခတ်နေသည့် ကျောင်းခန်းမှ သူ့သားသည် အဘယ်နည်းနှင့် ဟားဗတ်တက္ကသိုလ်သို့ ရောက်နိုင်ပါမည်နည်းဟု တွေးတောကာ စိုးရိမ်မကင်းဖြစ်ရသည်။

သို့သော် သမားရိုးကျ ကျောင်းခန်းသည် တစ်သက်ပတ်လုံး သင်ကြားပို့ချလာခဲ့ရသော ဆရာကောင်းတစ်ဦးအဖို့ စိတ်ကို အထိခိုက်ဆုံးဖြစ်ပေလိမ့်မည်။

"ဒါလားကွဲ့၊ ကျောင်းခန်းဆိုတာ"ဟူ၍ မေးပေမည်။ ဆရာမသည် အနည်းနှင့်အများ ပျော့ပျောင်းသိမ်မွေ့သောလေသံဖြင့် ယင်းသို့ ပြောဆိုပေသည်။ "ကျွန်မတော့ သူတို့ကို ကိုယ်ချင်းစာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ စာသင်ခဲ့ရတဲ့ ကျောင်းများမှာ ကျောင်းသားများဟာ ကြမ်းပြင်တွင် မလှုပ်နိုင်အောင်ဝက်အူစုပ်ထားတဲ့ ကုလားထိုင် စားပွဲတွေမှာထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက်လည်း စကားမပြောရဘဲ နေကြရတယ်။ ဆရာလုပ်သူကလည်း ကျောင်းသားများရှေ့မှာ စည်းကမ်းကြီးမားစွာ သင်ကြားရတယ်။ ဒီလိုမှ မလုပ်ရင် စာသင်ခြင်းကိစ္စ မပြီးစီး မအောင်မြင်နိုင်တော့ဘူး"

ကျွန်မတို့၏ ကျောင်းသားများသည် အလွန် အလုပ်များကြသည်။ တစ်နေ့လုံး မအားလပ်ရှာကြပေ။ ဥပမာဆိုရလျှင် ဆယ့်တစ်နှစ်သားများသည် သူတို့၏ ကုလားထိုင်၊ စားပွဲများ ဝက်အူစုပ် သံရိုက်ထား၍ မရွေ့လျားနိုင်သလောက် သူတို့ကား လှုပ်ရှားနေကြသည်။ အခြား အသုံးအဆောင်များလည်း တစ်နေရာတည်းတွင် မြဲမြဲစွဲစွဲ မရှိဟိုရောက် သည်ရောက်နှင့် ရှိနေသည်။ ကလေးများကား အလှုပ်ရှားကြဆုံးပင်။

တချို့သည် ပုံနှိပ်ခန်းတွင် လက်ခံထားသော စာပုံနှိပ် အလုပ်

mgyoe.com

mgyoe.com


တစ်ခုကို လုပ်ကိုင်လျက် ရှိနေကြမည်။ ထိုနေရာတွင် သူတို့သည် အနည်းဆုံးအားဖြင့် စာပုံနှိပ်စက်တွင် စွဲမြဲစွာ ထိုင်နေကြမည်။ သို့သော် တံခါးပေါက်ကြီးတွင်ကား အထုပ်အပိုးများ၊ ပစ္စည်းပစ္စယများကို သယ်ဆောင်လျက် ဝင်ထွက်သွားလာနေသူများမှာ ရှုပ်ယှက်ခတ်၍နေတော့သည်။ သူတို့၏ စကားသံများသည် အဆက်မပြတ် မြည်လျက်ရှိသော စက်သံများနှင့် အပြိုင်အဆိုင်ပြုနေသကဲ့သို့ ရှိချေသည်။ အမိန့်ပေးသံများ၊ ဝေဖန်နေကြသံများကို ကြားရသည်။ တစ်ခါတစ်ရံ သီတင်းပတ်ဆိုင်ရာ ဖိုမင်လုပ်သူက ဆရာအား ဤသို့ အော်၍ လှမ်းမေးတတ်သည်။ "ကျွန်တော်တို့ ခုနစ်နှစ်သားတွေအတွက် ဖတ်စာတွေ ရိုက်ပြီးပြီ ဆရာ။ အခု ကျွန်တော်တို့ စာကြည့်တိုက်အတွက် ကတ်ပြားတွေ ရိုက်လိုက်ရမလား။ ဒါမှမဟုတ်လည်း မိဘများအသင်းအတွက် စာရေးစက္ကူ ခေါင်းစည်းတွေ ရိုက်လိုက်ရမလား ဆရာ"

ကျောင်းခန်းအတွင်းတွင် ငြိမ်သက်မှုဆို၍ လုံးဝ မရှိ။ အမြင်အားဖြင့်သော်လည်းကောင်း၊ အကြားအားဖြင့်သော်လည်းကောင်း မည်သို့မျှ မငြိမ်သက်ပေ။ တစ်ခါတစ်ရံ အခန်းထောင့်ရှိ ဆယ့်တစ်နှစ်သားတို့၏ မဂ္ဂဇင်းကော်မတီများ ငြင်းခုံကြသံများ။ ပုံနှိပ်တော့မည့်ဆဲဆဲ မဂ္ဂဇင်းအတွက် ကိုးနှစ်သားကလေးတစ်ဦးသော်လည်းကောင်း၊ ဆယ့်သုံးနှစ်သားကလေးတစ်ဦးသော်လည်းကောင်း ရေးသည့် ဆောင်းပါးတစ်ခုကို ဝေဖန်နေသံများ၊ ထိုအသံများသည် ပေါ်လာလေ့ရှိသည်။ တစ်ခါတစ်ရံ ကြီးလေးသော တာဝန်ကို ထမ်းဆောင်နေရသည့် မျက်နှာထားမျိုးနှင့် ရှစ်နှစ်ရွယ် မိန်းကလေးတစ်ဦးသည် ပတ္တာမြအိတ်ကြီးတစ်ခုကို ပခုံးပေါ်တွင်ချိတ်လျက် ဝင်လာတတ်သည်။ သူသည် ရှစ်နှစ်သားတို့ လုပ်ကိုင်နေသည့် စာတိုက်မှ စာပို့မယ်ကလေးတစ်ဦးဖြစ်လျက် ယခုဝင်လာခြင်းမှာ နောက်တစ်နေ့နံနက် ကစားရုံတွင် ကျင်းပအံ့သော

mgyoe.com

mgyoe.com

ဆယ်နှစ်သားတို့၏ ဆယ့်တစ်နှစ်သားတို့အား ဖိတ်ခေါ်သည့် အထူး ဖိတ်စာကို လာရောက်ပေးပို့ခြင်းပင် ဖြစ်သည်။ ထိုအချိန်တွင် ဆယ့် တစ်နှစ်သားကလေးနှစ်ဦးသည် စာရွက်ထုပ်များ၊ ခဲတံ၊ စာအုပ်၊ ရောင်စုံ ဆေးဘူးများကို ကိုးနှစ်ရွယ်တို့ ဖွင့်ထားသည့် ကျောင်းဆိုင်မှ ဝယ်ယူ၍ ပြန်လာခဲ့ကြသည်။ အရပ်မြင့်မြင့် ဆယ့်နှစ်နှစ်ရွယ်ကလေးတစ်ဦး သည် ၎င်းတို့ ထုတ်ဝေသည့် "ယာ့ဘာ့ဒ်" သတင်းစာထုပ်များကို တစ် စောင်လျှင် တစ်ဆင့်နှင့်ရောင်းရန် ယူလာသည်။

ထိုအချိန်မှာပင် ဆယ့်တစ်နှစ်သမီးလေး ငါးဦးခန့်သည် အခန်း ထဲသို့ ပြေးဝင်လာတတ်ကြသည်။ သူတို့၏ စွန်းထေးပေါင်းနွမ်းနေ သော အပေါ်ဝတ်အင်္ကျီများကိုကြည့်လျက် မည်သူသည် ဓာတုဗေဒ ဓာတ်ခွဲခန်းမှ၊ မည်သူသည် ဈေးဆိုင်မှ၊ မည်သူသည် ရွှံ့စေးအလုပ် ခန်းမှ လာသည်ဟူ၍ ခွဲခြားသိနိုင်ပေသည်။ သူတို့ရောက်လာသည် နှင့်တစ်ပြိုင်နက် စာအုပ်ဗီရိုပွင့်သံများ ကြားရပေမည်။ တချို့ကလည်း အမှားပြင်စရာရှိသော ဂဏန်းစာအုပ်များကို ထုတ်လာပေမည်။ တချို့ က မှတ်စုစာအုပ်ထဲတွင် နက္ခတ္တဗေဒပညာရပ်များ မှတ်သားရန် ထုတ် လာပေမည်။ ဆရာမ လုပ်သူကလည်း "တို့များ အချိန်ဘယ်လောက် ရှိသေးသလဲ"ဟု မေးတတ်သည်။ "တို့ အခု ဘာလုပ်မလဲ"ဟု မေးလေ့ မရှိ။ ကျောင်းသားတိုင်း သူတို့တွင် မပြီးသေးသည့် အလုပ်များ မည်မျှ ရှိသည်ကို သိကြသည်။ ထိုအလုပ်များက အချိန်ရ ရသလို လျင်မြန် စွာ လုပ်ကိုင်လေ့ရှိကြသည်။ တစ်ခါတစ်ရံ အတန်းသူတို့၏ ငွေကိုင် ကျောင်းသူက ငွေစာရင်းများလုပ်နေရာမှ သူ၏ အညိုရောင်ဆံပင်ထွေး လေးများကို ခါ၍ နောက်သို့သိမ်းလိုက်ရင်း ဤသို့ ပြောတတ်သည်။ "ကျွန်မတို့ ခဲတံတွေ နောက်ထပ် ပျောက်လို့မဖြစ်တော့ဘူး၊ ဒီအပတ် ထဲမှာ ခဲတံတွေ နောက်ထပ်ဝယ်ရရင် ကျွန်မတို့ တရုတ်တန်းကို သွား

mgyoe.com

mgyoe.com



နိုင်ကြတော့မှာ မဟုတ်ဘူး" အခန်းတစ်ခုလုံးမှာ ဆူညံနေတတ်သည်။ အခန်းနံရံများပင် အသံများ ကန်ထွက်လုမတတ်ရှိသည်။ အခန်းတွင်း ဝယ် လူနှစ်ဆယ်ရှိသည့်အနက် တစ်ယောက်သာလျှင် တိတ်ဆိတ်စွာ ရှိသည်။ ထိုသူမှာကား ဆရာမပင် ဖြစ်လေသည်။

အကယ် လာရောက်ကြည့်ရှုသူတစ်ဦးက အပြစ်ဆိုခဲ့လျှင် ဆိုနိုင် ပေသည်။ ဤအခန်းသည် မည်သည့်ကျောင်းခန်းနှင့်မျှ မတူပေ။ သို့ သော် အခြားတစ်ခုခုနှင့် များစွာ တူနေသည်။ ဤနေရာသည် ကြီးပြင်း ပြီး လူကြီးတို့၏ ရုံးခန်း၊ စက်ရုံ၊ လုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသ နှင့် တူနေသည်။ ဤကလေးများလည်း အင်္ကျီဖြူဖြူဖွေးဖွေး၊ မျက်နှာ လေးများ သန့်သန့်ရှင်းရှင်းနှင့်ရှိသော ကျောင်းသားများနှင့်မတူ ဤ ကလေးများမှာကား စက်ရုံအင်္ကျီများ ပေကျံနေသော အပေါ်ရုံများကို ဝတ်ထားကြရသည်။ မိန်းကလေးရော ယောကျ်ားလေးပါ ထို့အတူပင်။ သူတို့၏အဝတ်ကိုကြည့်ရုံနှင့် သူတို့၏အလုပ်ကို သိနိုင်ပေသည်။ "သူ တို့ ဒီလို ပေပေရေရေမဖြစ်လို့ မရဘူးလား"ဟု မိခင်တစ်ဦးက မေးဖူး သည်။ သို့သော် လောကတွင် ဘောင်းဘီ၊ အင်္ကျီ၊ မျက်နှာများတွင် ဆေး မင်များ မစွန်းဘဲရှိသည့် စာပုံနှိပ်ဆရာတစ်ဦးကို တွေ့ဖူးပါသလော၊ အင်္ကျီတံတောင်ဆစ်များတွင် ဂျုံမှုန့်များ မပေကျံဘဲနေသည့် ထမင်း ချက်တစ်ဦး တွေ့နိုင်ပါမည်လော။

ဤကျောင်းခန်းသည် အလုပ်လုပ်သော နေရာတစ်ခု ဖြစ်သည်။ အလုပ်သမားသည် တစ်နေရာတည်းတွင် စွဲမြဲစွာ မနေနိုင်ကြပေ။ သူ တို့၏ အလုပ်တာဝန်အမျိုးမျိုးအတွက် သွားရသည်။ လာရသည်။ ပစ္စည်းများကို သယ်ယူရသည်။ အကြံဉာဏ်များ တောင်းရသည်။ စစ် ဆေးကြည့်ရှုရသည်။ တိုင်ပင်ဆွေးနွေးကြရသည်။ အလုပ်သမားတိုင်း သည် သူ၏အလုပ်အတွက် တာဝန်ယူ ထမ်းဆောင်မှုနှင့်အမျှ အလုပ်

mgyoe.com

များ ပြီးစီးသည်။ လူကြီးများ၏ လောကတွင်းမှာကဲ့သို့ပင် တချို့သော အလုပ်သမားများသည် ပိုမိုကြီးလေးသော တာဝန်ကို ထမ်းဆောင်ကြရပေသည်။ လူကြီးလောကမှာကဲ့သို့ပင် စီမံအုပ်ချုပ်သူတစ်ဦးလည်း ရှိပေသည်။ (သို့သော် ပိုင်ရှင်သူဌေး မဟုတ်ပေ)။ သူသည် စီမံခန့်ခွဲရသည်။ တိုင်ပင်ရသည်။ အတိုင်ပင်ခံရသည်။ အလုပ်သမားတို့၏ လုပ်ရည်ကိုင်ရည်ကို ကြည့်၍ တာဝန်ညီညွတ်မျှတအောင် စီစဉ်ရသည်။ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသည့် လုပ်ငန်းတာဝန်များအတွက် အစီအစဉ်များပြုလုပ်ရသည့် အဖွဲ့တိုင်း၏အလုပ်ကိုလည်းကောင်း၊ အလုပ်သမားတိုင်း၏ အလုပ်ကိုလည်းကောင်း စိစစ်ရသည်။

လာရောက်ကြည့်ရှုသူ ဧည့်သည်တစ်ဦးသည် ကျောင်းခန်းကို ကြည့်၍ စိတ်ရှုပ်သွားလျှင် အံ့သြဖွယ်ရာမဟုတ်ပေ။ တစ်ခန်းလုံး ဆူညံနေသည်။ သို့သော် အခန်းတွင်းဝယ် စိတ်ရှုပ်သူဆို၍ ထိုဧည့်သည်တစ်ယောက်သာ ရှိသည်။ သူသည် ဤကဲ့သို့ အသွင်အပြင်မျိုးကို ကျောင်းခန်းအဖြစ်နှင့် မမြင်နိုင်ပေ။ သမားရိုးကျ ကျောင်းခန်းနှင့် ကွာခြားလှပေသည်။ သို့သော် ဤကျောင်းခန်းမျိုးသာလျှင် သဘာဝနှင့်နီးစပ်သည်။ လောကတွင် မြင်ရိုးမြင်စဉ် အသွင်အပြင်ဖြစ်သည်။ သို့သော် သမားရိုးကျ ကျောင်းတစ်ကျောင်းတွင် မြင်ရလေ့ရှိသော အဆင်မျိုးကား မဟုတ်ပေ။ ဤသည်ကား လူလောက၏ပုံသဏ္ဌာန် အရိုးခံပင် ဖြစ်လေသည်။ ကလေးသူငယ်များဖြစ်သည့်အတွက်သာ အသံများ ပိုမို ကျယ်လောင်လေသည်။ သွားလာလှုပ်ရှားရာတွင် ပိုမို လျင်မြန်သည်။ သူတို့သည် ကလေးသူငယ်များဖြစ်သည့်အတွက်ကြောင့်ပင် ဆရာလုပ်သူနှင့် လက်ထောက်ဆရာ လုပ်ရသူ ကျောင်းသားကြီးများမှာ အပြင်လောကမှ လုပ်ငန်းအုပ်ချုပ်သူနှင့် စက်ရုံဖိုမင်လူကြီးများထက် ပိုမို ကြီးလေးသော တာဝန်ကို ထမ်းဆောင်ကြရပေသည်။ ဆရာလုပ်သူ

mgyoe.com

mgyoe.com



သည့် များစွာ သိမ်မွေ့ကျွမ်းကျင်ရသည်။ များစွာ သေချာရလေသည်။ သမားရိုးကျ ကျောင်းဆရာတစ်ဦးသည် တစ်ခါတစ်ခါက် ရောက်လာကြည့်ရှုမှုနှင့် ဤကျောင်းဆရာတစ်ဦး၏အလုပ်ကို အလုံးစုံ မသိရှိနိုင်ပေ။

လာရောက်ကြည့်ရှုသော သမားရိုးကျကျောင်းဆရာသည် ကျွန်ုပ်တို့အား "ကျောင်းဆိုတာ ဒါပဲလား"ဟု မေးပေလိမ့်မည်။ သူတို့၏ မေးလေ့မေးထရှိသော မေးခွန်းတစ်ခု ဖြစ်ပေသည်။ ဤသို့ဆိုလျှင် ကျွန်ုပ်တို့ကလည်း "ကျောင်းဆိုတာ ဘာကိုခေါ်ပါသလဲ"ဟု ပြန်မေးရပေလိမ့်မည်။

ကျောင်းဆိုသည်မှာ သင်ကြားနေသော နေရာတစ်ခုဟု ပြန်ဖြေဆိုလျှင် အဖြေမှန်တစ်ခု မဟုတ်ပေ။ မေးခွန်းကို တစ်မျိုးတစ်မည် ပြန်ပြောခြင်းသာ ဖြစ်ပေသည်။ ဘာကို သင်ကြားပါသလဲ၊ ဘယ်လို သင်ကြားပါသလဲ။

ကျွန်မသည် ပထမဆုံး အကြိမ်အားဖြင့် ကျောင်းဆရာမ လုပ်သောအခါတွင် အသက် ၁၇ နှစ်မျှ ရှိပါသေးသည်။ တောကျောင်းလေးတစ်ခုတွင်ဖြစ်၍ ဆရာဖြစ်သင်ကျောင်းများတွင်လည်း မနေခဲ့ဖူးပါ။ သို့သော် ကျွန်မ၏စိတ်ထဲတွင် ကိန်းအောင်းနေသော အစွဲကလေးတစ်ခုရှိပါသည်။ ထိုအစွဲသည် နောင်တွင် ပိုမိုပေါ်လွင်လာခဲ့ပါသည်။ ထိုအစွဲမှာကား ကလေးငယ်များသည် လမ်းမလျှောက်နိုင်ခင် လမ်းလျှောက်လိုသော ဆန္ဒများ ပေါ်ပေါက်သကဲ့သို့ပင် ကလေးကြီးများသည် မည်သည့်အရာမဆို သင်ကြားလိုသောဆန္ဒ ပေါ်ပေါက်ရခြင်းမှာ မည်သည့်နည်းနှင့်မျှ လွဲရှောင်၍မရသော သဘာဝတစ်ခုပင် ဖြစ်ပေသည်။

ဤကား ယုံမှားဖွယ် မရှိချေ။ အိပ်လိုက် စားလိုက်နှင့် နေရသည့်

mgyoe.com

လေးငါးလသား အရွယ်လွန်မြောက်သည်နှင့်တစ်ပြိုင်နက် ကလေးတစ်ဦးသည် စွန့်စားသွားလာရသည်။ သူ၏ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာရလေတော့သည်။ နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ ကလေး၏နိုးကြားစ ဘဝတာမှာ အဆိုပါ အလုပ်ကိစ္စများနှင့် ပြည့်ဝနေလေတော့သည်။ သူ့အတွက် ကြောက်မက်ဖွယ် ကြိုးစားရမှုများက ပက်လက်မှ မှောက်လျက်သို့ တစ်ပတ်လှည့်ရခြင်း ထထိုင်နိုင်ရန် သင်ယူရခြင်း၊ လမ်းလျှောက်ရန် ကြိုးစားရခြင်း၊ တစ်စုံတစ်ခုပေါ် တက်နိုင်ရန် လေ့လာရခြင်းတို့ ဖြစ်ပေသည်။ ထို့နောက် ကစားစရာ တစ်စုံတစ်ခုကို ဆုပ်ကိုင်နိုင်ရန် လှုပ်ယမ်းနိုင်ရန် ဘောလုံးလေးများကို လှိမ့်ပြီး ပြန်ဖမ်းနိုင်ရန်တို့ကို ကြိုးစားရပြန်သည်။ ထို့နောက် မီးခလုတ်၊ နာရီစသည်တို့ကို လေ့လာစူးစမ်းရပြန်သည်။ (တချို့မိခင်များသည် သားငယ်အား "သိပ် ဖျက်ဆီး ဖြုန်းတီးတဲ့ ကလေးပဲ" ဟု ပြောလေ့ရှိသည်။ သို့သော် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်တို့သည် မီးလောင်ပုံသဘောကို နားလည်ရန်အတွက် အိမ်တစ်ဆောင်လုံး မီးလောင်သွားသည်ကို ကြည့်နေခဲ့ကြရသေးသည်။) ကလေးတစ်ဦးအတွက် သူ့စွမ်းရည် မပြည့်စုံမှု အပြင် အခြားအခက်အခဲ အတားအဆီးများ ရှိပေသေးသည်။ ထိုအတားအဆီးများကား သူတို့သည် တစ်စုံတစ်ရာကို ကိုင်တွယ်ကြည့်ရှုစုံစမ်းရာ အနံ့အရသာတို့ကို လေ့လာရာတွင် လူကြီးလုပ်သူတို့၏ ချုပ်ချယ်တားဆီးမှုတို့ပင် ဖြစ်ပေသည်။ သူ့ကလေးတစ်ဦးအတွက် ပညာရှာဖွေရာတွင် အသုံးပြုရန် နည်းလမ်းကား အဘယ်နည်း။ အခြားမဟုတ် ယခုခေတ် အဏုမြူလောကခေတ်ဆရာကြီးများပင် အသုံးပြုနေရသည့် စမ်းသပ်ခြင်းနှင့် အမှားတွေ့ခြင်းပင် ဖြစ်လေသည်။

ကလေးတစ်ဦးသည် လဲပြိုမှု၊ ထိခိုက်မှုတို့ကို ပဓာနမထားဘဲ နေ့စဉ်နှင့်အမျှ သင်ခန်းစာများကို အဖန်တလဲလဲ ကောင်းစွာ အောင်မြင်

mgyoe.com

mgyoe.com



သည်အထိ ပြုလုပ်လေ့ရှိသည်ကို စောင့်ကြည့်ဖူးသောသူတစ်ဦးသည် ငယ်ရွယ်သော လူသားတို့၏ စူးစမ်းလေ့လာလိုသောဆန္ဒကို ယုံမှားသံသယ မရှိနိုင်တော့ပေ။ လူသည် အကယ်၍ ဤသို့ သူ၏ နေထိုင်မှုအတွက် အရာရာနားလည်ရန်၊ သိရှိရန်၊ အောင်မြင်နိုင်ရန်နှင့် အနည်းဆုံးအားဖြင့် သူ၏ ပတ်ဝန်းကျင်လောကနှင့် နားလည်မှု ရရှိရန်တို့ကို ကြိုးစားဆောင်ရွက်ခြင်းမရှိပါက အခြားအခြားသော ဒိုင်နိုဆော စသည့် ကမ္ဘာဦးသတ္တဝါကြီးများ ကမ္ဘာမှ ပျောက်ကွယ်ခဲ့ကြသည့်နည်းတူ လူသတ္တဝါသည်လည်း ပျောက်ကွယ်သွားရပေလိမ့်မည်။

သို့သော် လူသတ္တဝါတို့၏ ပြင်းထန်သော သင်ခန်းစာ ရှာလိုစိတ်တို့သည် အကြောင်းတစ်စုံတစ်ခုကြောင့် လုံးဝနီးပါး ပျောက်ကွယ်ခဲ့လေသည်။ တချို့သော ယောကျာ်း၊ မိန်းမ အနည်းငယ်တို့တွင်သာ ပင်ကိုပညာ ပါရမီရင့်သန်လွန်း၍ ကျန်ရှိလေတော့သည်။ ထိုသို့ ပျောက်ကွယ်ရသည်မှာ လူတို့ မကြီးပြင်းမီကာလ ကလေးဘဝကပင် ပျောက်ကွယ်ရလေသည်။ ပျောက်ကွယ်ရာဌာနကား သူတို့၏ ပညာရှာဖွေရာဖြစ်သည့် ကျောင်းခန်းတွင်ပင် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

တစ်ခါက မိခင်တစ်ဦးက ကျွန်မအား ပြောခဲ့သည့် စကားတစ်ခွန်းကို ကျွန်မသည် မမေ့နိုင်အောင် ရှိခဲ့သည်။ သူသည် ပညာရေးသမားတစ်ဦး မဟုတ်ပါ။ ဉာဏ်ပညာ ဖျတ်လတ်သည့် မိခင်တစ်ဦးမျှသာဖြစ်ပေသည်။ တစ်နေ့တွင် သူသည် ကျောင်းခန်းသို့ တစ်နာရီ၊ နှစ်နာရီခန့် လာရောက်ကြည့်ရှုနေပြီး သူ၏ ကလေးငယ်များနှင့် ပတ်သက်၍ ကျွန်မနှင့် ထိုင်၍ စကားစမြည် ပြောဆိုပါသည်။

"သူတို့လေ ခြောက်နှစ်အရွယ်တုန်းက အို... သိပ်ဖျတ်လတ်တာပဲ။ သိပ်လည်း အလုပ်လုပ်တယ်၊ သူတို့အတွက် လုပ်စရာ၊ ကိုင်စရာ၊ သွားစရာတွေ တစ်ပုံကြီးပဲ။ လုပ်လည်း လုပ်ကိုင်ခဲ့တယ်။ ဟော...

mgyoe.com

mgyoe.com


အခု ဆယ့်တစ်နှစ် အရွယ်လည်းရောက်ရော သူတို့မှာ တစ်ခုခုကို စိတ်ဝင်စားမှု မရှိတော့ဘူး။ တစ်စုံတစ်ရာရဲ့အကြောင်းကို သိလိုတဲ့စိတ်လည်း မရှိကြတော့ဘူး။ အကြံဉာဏ်လည်း မရှိ၊ ထိုးထွင်းဉာဏ်လည်း မရှိ၊ တစ်ယောက်ချင်း ကိုယ်တိုင်လုပ်ချင်တဲ့စိတ်ကလေးတွေတောင် ပျောက်ကုန်ပြီ။ ဒီလိုကလေးမျိုး စက်ရုံတစ်ခုနဲ့ လုပ်ယူရင်တောင် ရကောင်းပါတယ်"

ထိုသို့ ပြောဆိုနေစဉ် သူ၏ မျက်လုံးများတွင် မျက်ရည်များ ဝဲနေသည်ကို ကျွန်မ သတိထားခဲ့မိပါသည်။ မှတ်မိပါသေးသည်။

ကျွန်မသည် အခြေအနေသော်လည်းကောင်း၊ သို့မဟုတ် သမားရိုးကျ ပညာနည်းများကို လက်ခံရန် နားမလည်ခင်ကပင် ကလေးများကို ပညာသင်ခဲ့ရ၍သော်လည်းကောင်း တစ်ခုခုကြောင့်မှု ဆရာမ ဖြစ်ခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ကလေး၏ဦးနှောက်တွင်းရှိ သဘာဝအားဖြင့် ပညာကို ရှာဖွေဆည်းပူးလိုသော စိတ်ဆန္ဒရှိကြောင်းကို ကျွန်မ အသက် ၂၀ ကျော်ခန့်ကပင် သိရှိခဲ့ပါသည်။ ကျွန်မ အထင်အားဖြင့် ဤစိတ်ဆန္ဒအင်အားကို ကလေးဘဝမှ လူကြီးဘဝတိုင်အောင် မပျောက်ကွယ်စေဘဲ ပြုစုထားနိုင်ခဲ့လျှင် ကျွန်မတို့သည် လောကဓာတ်ဆရာကြီးများ ရှာဖွေနိုင်သည့်၊ ပြုလုပ်ယူရသည့် အင်အားများထက် များစွာ ပိုမိုပြင်းထန် အဖိုးတန်သော သဘာဝ စိတ်အင်အားတစ်ခုကို လောကတွင် အသုံးပြုနိုင်လိမ့်မည် ဖြစ်ပေသည်။

ဤစိတ်ဆန္ဒ အင်အားသည် အနည်းဆုံးအားဖြင့် ကျောင်းတွင် ပညာသင်ရင်း ကုန်ခန်းရသည့် နှစ်ကာလများကို ပိုမို၍အဓိပ္ပာယ်ရှိစေလိမ့်မည်။ ကလေးတစ်ဦးသည် ပညာကိုသင်ယူပြီး ထိုပညာသည် သူနှင့်အတူ ကျောင်းခန်းမှနေ၍ လူလောကအတွင်းသို့ လိုက်ပါသွားနိုင်ပေသည်။ ကလေးငယ်သည် သူ၏ စမ်းသပ်ခြင်းနှင့် အမှားတွေ့ခြင်း

mgyoe.com

mgyoe.com



နည်းလမ်းများကို အသုံးပြုလျက် ရရှိသည့်ပညာများသည် ကလေး၏ တစ်စိတ်တစ်ဒေသဖြစ်နေသကဲ့သို့ပင် ကျောင်းသားတစ်ဦး၏ ဦး အင်အားမပျက် သင်ယူရသော ပညာသည် ထိုကျောင်းသား၏ တစ်စိတ်တစ်ဒေသ အမှန်ဖြစ်နေပေလိမ့်မည်။

ကျွန်မတို့ ကလေးများအား သင်ကြားပေးခဲ့သော ပညာများသည် လောကအလယ်တွင် အသုံးမပြုရသောပညာများ၊ အသုံးပြုနိုင်အောင် မသင်ကြားခဲ့ရသော ပညာရပ်များ၊ ကျောင်းသား၏ လောကတွင်းတွင် တွေ့ရသည့် ပြဿနာရပ်များနှင့် မဆက်ဆံသော ပညာရပ်များ၊ ဆက်ဆံပါလည်း ကျေပွန်ကျွမ်းကျင်စွာ နားမလည်မတတ် မသိခဲ့ရသည့် ပညာရပ်များ ဖြစ်သည်။ ထိုထက် ဆိုးရွားသောအချက်ကား ထိုပညာများမှာ ကျောင်းသားများ ကိုယ်တိုင်က လိုလိုချင်ချင် သင်လိုခဲ့သော ပညာများမဟုတ်ခဲ့ချေ။

ကျွန်မသည် တစ်ခါက အချက်အပြုတ် သင်ကြားသော ဆရာမတစ်ဦးကို မေးဖူးပါသည်။ "ဒီကလေးတွေကို ဂျုံတွေ၊ ဘာတွေ လိုသလောက်ပေးပြီး သူတို့ကိုယ်တိုင် မုန့်ဖုတ်ပါစေလား၊ ဘာဖြစ်လို့မလုပ်စေတာလဲ" ထိုအခါ သူက "အို...ဒီလိုဆိုရင် အလကား ဂျုံတွေ၊ ဘာတွေ အလဟဿ ကုန်ခန်းကုန်မှာပေါ့"ဟု အံ့သြစွာ ပြန်ဖြေပါသည်။

သူ ကျွန်မ၏အမေးကို အံ့သြသည်နှင့်အမျှ သူ၏အဖြေကိုလည်း ကျွန်မ အံ့သြမိပါသည်။ ပညာသင်ရာတွင် အသုံးပြုရသည့် ပစ္စည်းများကို အလဟဿ ကုန်ခန်းသည်ဟု ယူဆကြသည်။ ကျွန်မတို့၏ သမားရိုးကျ ပညာသင်စနစ်မှာ ပစ္စည်းချွေတာခြင်းပင်ဟု ထင်မိပါသည်။ ကျွန်မ ဤအကြောင်းကို ပိုလေ့လာမိလေလေ၊ ပို၍ ထူးဆန်းသည့်စနစ်ဟု ထင်မိလေလေ ဖြစ်ပါသည်။ ပစ္စည်းများကို မလေအောင်

mgyoe.com

mgyoe.com


အလဟဿမဖြစ်အောင်တော့ ကြိုးစားကြပါသည်။ ထိုအချိန်မှာပင် ကလေးတွေ လေကုန်ကြသည်။ အလဟဿ ဖြစ်ကုန်ရတော့သည်။ တကယ်ပင် ထူးဆန်းသော ပညာရေးစနစ်ပင် ဖြစ်ပါတော့သည်။

ကျွန်မတို့ကျောင်းတွင် ကျွန်မသည် ကလေးမလေးတစ်ယောက် အပြုအမူကို ကြည့်နေခဲ့ဖူးသည်။ သူကလေးသည် စာရွက်ပုံပေါ်မှ ပုံဆွဲစာရွက်ကောင်းများကို တစ်ခုစီယူ၍ ထောင့်တွင် ခဲတံရောင်စုံလေးနှင့် တစ်ချက်စီခြစ်ပြီး ပစ်ထားပါသည်။ သူကလေး တစ်ခုစီယူ၍ ဖြုန်းနေသည်ကို ကျွန်မ ဘေးမှနေ၍ ရေတွက်ကြည့်ရာ စာရွက် ၅၀ မျှ ကုန်သွားပါသည်။ သို့သော် သူ့ကို မလုပ်နှင့်ဟု ဘယ်သူမှ မပြောကြပေ။ ၅၀ ပြည့်သောအခါ သူကလေးသည် ကြောက်ရွံ့သော မျက်လုံးလေးများနှင့် ဆရာမ လုပ်သူကို မော့ကြည့်ပါသည်။ ထိုအခါ ဆရာမက ပြုံး၍ နောက်တစ်ရွက် စမ်းကြည့်ပါဦးလားဟု အားပေးပါသည်။ ထိုကလေးသည် ကျောင်းသို့ ထိုနေ့ကပင် ဝင်ရောက်ခဲ့ပါသည်။ ထို့ကြောင့် ကြောက်ရွံ့စိတ် ရှိနေပါသေးသည်။ စကားလည်း မပြောပါ။ ဆရာမလုပ်သူကို မကြောက်ရွံ့ဘဲ မနေနိုင်ပေ။ ထိုစာရွက် ၅၀ ကား သူ့အတွက် ပညာသင်ခြင်း၏ အစပင်ဖြစ်တော့သည်။ ထို့နောက် သစ်သားတုံးကလေးများနှင့် ကစားရင်း သူ့ဘေးတွင် ကစားနေသော ကလေးငယ်နှင့် စကားပြောပါသည်။ ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပင် သူသည် သူ၏ ကြောက်ရွံ့မှုကန္တာရထဲတွင် ခရီးနှင်ရန် လမ်းစကို တွေ့ခဲ့ပြီး ပျော်ပျော်နေတတ်လာသည်။ ကျောင်းတွင် အလုပ်များသည့် ကလေးမလေးတစ်ဦး ဖြစ်လာသည်။

မှန်ပါသည်။ ကျွန်မတို့သည် စာရွက်များ၊ ဆေးရောင်စုံများ ရွှံ့စေး၊ သစ်သားနှင့် ဂျုံမှုန့် ပေါင်အနည်းငယ်ခန့်စသည်တို့ကို အလဟဿကုန်စေခဲ့ပါသည်။ သို့သော် ကျွန်မတို့သည် ကလေးများနှင့် ၎င်းတို့၏

mgyoe.com

mgyoe.com



အရည်အချင်း၊ အချိန်တို့ကို အလဟဿ မဖြစ်အောင် ကြိုးစားသည်။ ကျွန်မ တစ်ခါက မြင်ဖူးသည့် သမားရိုးကျ စာသင်ခန်းတစ်ခုထဲတွင် ကျောင်းသား ၄၀ ခန့်ရှိရာ တစ်ယောက်က ထ၍ စာရွတ်နေစဉ် ကျန် ၃၉ ယောက်တို့မှာ ဘာမျှမလုပ်မကိုင်၊ ဘာမျှကြည့်ရှုခြင်းမရှိ။ ဦးခေါင်းထဲတွင်လည်း ဘာမျှ မစဉ်းစားဘဲ ထိုင်နေကြသည်။ ကျောင်းသားတစ်ယောက်မှာ လက်ပေါ် မေးထောက်၍ တံခါးပေါက်ကြည့်ရင်း ဘာမျှမလုပ်၊ ဘာမျှမစဉ်းစား မကြံစည်ဘဲ ကျောင်းလွှတ်ခေါင်းလောင်းတီးလျှင် ကျောင်းခန်းမှ အပြင်သို့ထွက်ရန် အချိန်ကိုသာလျှင် မျှော်လင့်ကြီးစွာနှင့် စောင့်ဆိုင်းနေလေသည်။

သို့သော် ကလေးတစ်ဦးသည် သူ့အား ချုပ်ချယ်ထားမှု မရှိလျှင် သူ၏အချိန်ကို သူ ဖြုန်းလေ့ မရှိချေ။ တစ်မိနစ်မျှပင် ဖြုန်းလေ့မရှိချေ။ သူ၏ ဝမ်းထဲရှိ သိလို၊ ကြားလို၊ နားလည်လို၊ တတ်မြောက်လိုသည့် မီးတောက်ကလေးက သူ့ကို တိုက်တွန်းနေသည်။ ကလေးတစ်ယောက်ကို သူ ဖျားနေသည့်အခါ သို့မဟုတ် သမားရိုးကျ ကျောင်းခန်းထဲတွင် စာသင်နေသည့်အခါကလွဲ၍ အခြားအခါများတွင် ငြိမ်သက် ပျင်းရိနေသည်ကို သင်သည် ဘယ်သောအခါမှ တွေ့ရမည်မဟုတ်ပေ။

ဤသို့သော သဘာဝမကျသည့် ပညာသင်စနစ်ကို အဘယ်သို့ ပေါ်ပေါက်ခဲ့သည်ကို ပြောပြရန်မှာ ကျွန်မ၏ တာဝန်မဟုတ်ပေ။ ကျွန်မသည် တတ်စွမ်းနိုင်သည့်တိုင်အောင် ဤပညာရေး ရာဇဝင်ကို ပြန်လည်မပြောဆိုလိုတော့ပေ။ ဤစနစ်၏ ဆရာဖြစ်သင်ကျောင်းတွင် ကျွန်မသည် အောင်မြင်ဖို့နှင့် ဝေးကွာလျက် စိတ်ညစ်ညူးခဲ့ရသည်။ ကျွန်မကို ဆရာဖြစ် ပညာရပ်များကို ပေးခဲ့သူမှာ ဆရာဖြစ်သင် ကောလိပ်မှ ပါမောက္ခများ မဟုတ်ပေ။ ကျောင်းသားကလေးသူငယ်များသာ ဖြစ်ပေသည်။

mgyoe.com

mgyoe.com

အခန်းတစ်ခုထဲတွင် ဘူးပျက်ကလေးများ၊ သစ်သားတုံးကလေးများနှင့် မီးရထားလမ်းများကို ဆောက်လုပ်နေသော ကလေးတစ်ဦးကိုကြည့်၍ ကလေးများ ဝမ်းတွင်းရှိ ကစားလိုသော ဆန္ဒမှာ အမှန်အားဖြင့် အလုပ်လုပ်လိုသော ဆန္ဒသာလျှင်ဖြစ်ကြောင်း သင်ခန်းစာတစ်ခုကို ကျွန်မ ရခဲ့သည်။ ကလေး၏အလုပ်မှာ သင်ကြားဆည်းပူးရန် ဖြစ်သည်။ ထိုသို့ သင်ကြားခြင်းကိုလည်း သူတို့သည် ကျနစွာ စီမံအုပ်ချုပ်သည့်ကျောင်းသို့ မရောက်ခင်သာလျှင် ပြုလုပ်နိုင်ကြပေသည်။ နွားကျောင်းသမား (ကောင်းဘွိုင်)နှင့် လူရိုင်းလုပ်တမ်း ကစားစဉ်တွင် အသုံးပြုသူတို့၏ အရည်အချင်းကို အဘယ်ကလေးမျှ ရာဇဝင်စာအုပ်ဖတ်ရှုရာတွင် အသုံးမပြုပေ။ သို့သော် ကောင်းဘွိုင်များနှင့် လူရိုင်းများမှာ ကလေးသင်ရမည့် ကျွန်မတို့ အမေရိကန်ရာဇဝင်၏ တစ်စိတ်တစ်ဒေသ ဖြစ်ပေသည်။ ထိုသို့ဆိုလျှင် ရာဇဝင်ကို ကစားရင်း သင်ကြားခြင်းဖြင့် အဘယ်သို့လျှင် အမှားရှိနိုင်ပါမည်နည်း။

အမှန်မှာ ကလေးများတွင် တစ်စုံတစ်ရာ မှားယွင်းချက် မရှိပေ။ ကျောင်းကသာလျှင် မှားယွင်းချက် ရှိနေပေသည်။ ကလေးကို ကျောင်းနှင့် သင့်တော်အောင် (ယခုအချိန်အထိ ထူးခြားစွာ အောင်မြင်ခြင်း မရှိဘဲ) လုပ်နေခြင်းထက် ကျောင်းကို ကလေးနှင့်သင့်တော်အောင် ပြုလုပ်သင့်ပေသည်။

ကျွန်မ စိတ်အားထက်သန်စဉ် အသက် ၂၀ ရွယ်လောက်တုန်းက ထင်မိသည်မှာ ပညာရေးသမားများသည် ကလေးများကို ကြည့်ရှုရာတွင် လေးငါးနှစ်အရွယ်မှ စတင်၍ သင်ကြားလျက် ကြည့်ရှုလာကြလေသည်။ အမှန်မှာ ဤသို့ ကြည့်ရှုခြင်းသည် ခြသေ့ံတစ်ကောင်ကို ကြည့်ရှုရာ၌ တိရစ္ဆာန်ရုံထဲတွင်ရှိသော လှောင်အိမ်တွင်းရှိ ခြသေ့ံကြီးကို ကြည့်ရှုခြင်းထက် ဘာမျှမထူးခြားတော့ချေ။

mgyoe.com

mgyoe.com



ကလေးကိုကြည့်ရှုရာတွင် သူတလေး မွေးဖွားသည့်အခါကာလ ကပင် စတင်လျက် သူ၏ အသိဉာဏ်ပညာ နယ်နိမိတ်ကို ချင့်ဆလျက် ထိုက်သင့်သလို ကြည့်ရှုသွားရန် ဖြစ်ပေသည်။ ရေကန်ထဲသို့ ခဲလေး တစ်လုံး ပစ်ချလိုက်သောအခါတွင် ရေလှိုင်းအကွက်ကလေးများသည် တဖြည်းဖြည်း ကျယ်၍ ကျယ်၍ ကမ်းစပ်ဆီသို့ တိုးတက်လာသည့်ပမာ ကလေး၏ အလိမ္မာ ဉာဏ်ပညာ နယ်နိမိတ်မှာလည်း တစ်နေ့တခြား ကျယ်ဝန်း ကျယ်ဝန်း၍ လာလေတော့သည်။ ရှေးဦးစွာ သူသည် သူ၏ ကိုယ်အစိတ်အပိုင်းများဖြစ်သော လက်၊ ခြေ၊ မျက်နှာ၊ နားရွက်၊ နှာခေါင်း စသည်တို့ကိုသာ စိတ်ဝင်စားလေသည်။ လက်ကို လှုပ်ကြည့် သည်။ ခြေထောက်လှုပ်ကြည့်သည်။ ခြေထောက်ကို လက်နှင့် ကိုင် ကြည့်သည်။ ထို့နောက် မိခင်၏ မျက်နှာ၊ သူ၏ အိပ်ရာ၊ ပုခက်၊ ထို့ နောက်မှာ သူ ထိုင်နေ၊ အိပ်လေ့ရှိရာ ကြမ်းပြင်ကို စိတ်ဝင်စားလာ သည်။ ကိုင်တွယ်ကြည့်ရှုလာသည်။ ၎င်းနောက် သူနေသည့် အိမ်ရာ နှင့် အိမ်သားများ၊ အိမ်လာနေကျ ဧည့်သည်များ၊ ထို့နောက် သူနေသည့် လမ်းနှင့် သူ ကစားရာ ပန်းခြံ စသည်တို့ကို တစ်နေ့ထက်တစ်နေ့ ကျယ်ဝန်းစွာ လေ့လာကြပေသည်။

"ကစားသည်"ဆိုသည့် စကားကို ကျွန်မတို့သည် မှားယွင်း စွာ သိနားလည်ကြသည်။ အမှန်စင်စစ် ကလေးများ ကစားနေခြင်းမှာ သူတို့သည် ပင်ပန်းကြီးစွာနှင့် စိတ်အားထက်သန်စွာ လူကြီးများ ဖြစ် လာဖို့ရန် လေ့လာ ပြင်ဆင်နေကြရခြင်း ဖြစ်ပေသည်။ လူကြီးများ သည် လူကြီးတာဝန်များကို ထမ်းဆောင်လုပ်ကိုင်ရာတွင် ဝန်တာ ကြီး လေးသလောက် သူတို့သည်လည်း ဤကိစ္စတွင် ဝန်တာကြီးလေးလှ ပေသည်။ ကလေးမလေးတစ်ဦးသည် အိုးပုတ်ကလေးတွင် ရေထည့်၊ သဲထည့်ကာ ထမင်းချက်ဟန်ပြု၍ ကစားနေရာတွင် သူ၏ စိတ်ထဲတွင်

mgyoe.com

mgyoe.com
တကယ့် မိခင်ကြီးသဖွယ် အိမ်သားများ ပျော်ရွှင်စွာ စားသောက်ရေး အတွက်ဟုပင် စိတ်ထားရည်ရွယ်ပေသည်။ ကျွန်မတို့သည် သူတို့အား ဤသို့ ကစားနေသည့်အခါတွင် ညစ်ညစ်ပတ်ပတ်ကစားသည်ဟု ညည်းတွား မြည်တွန်နေမည့်အစား လေးစားချီးမွမ်းဖို့ပင် ထိုက်ပေသေး သည်။

ကလေးများထံမှ ကျွန်မသည် ပညာကို ဆည်းပူးလေ့လာတိုင်း လေ့လာတိုင်းပင် ကျွန်မ၏ ငယ်စဉ်တောင်ကျေး ကလေးဘဝကို ပြန် လည် စဉ်းစားမိသည်။ ထိုစဉ်အခါက ကျွန်မသည် လူကြီးများ လုပ် ကိုင်နေသည့် အလုပ်များတွင် ဝင်ရောက်ကူညီ လုပ်ကိုင်ချင်လှသည်။ လူကြီးတွေ မီးဖိုချောင်ထဲတွင် စားရေး၊ သောက်ရေးအတွက် ပြင်ဆင် နေကြစဉ်တွင် ဝင်ရောက်၍ ပန်းကန်ဆေးခြင်း၊ အိုးခွက် ဆေးကြော ခြင်းများ ပြုလုပ်ရလျှင် များစွာ ကျေနပ်ပျော်ရွှင်လိမ့်မည်ဟု မျှော်မှန်းခဲ့ သည်။ သို့သော် လူကြီးများသည် ကျွန်မကို ဤသို့ သူတို့အား ဝင် ရောက်အကူအညီပေးရန် ခွင့်မပြုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်မ သည် ပန်းကန်ခွက်ယောက်များ ဆေးကြောရာတွင် ပန်းကန်များကို ကွဲရှစေခြင်းဖြင့် အလဟဿ ပစ္စည်းများ ကုန်ခန်းစေလိမ့်မည်ဟု တွက်ဆကြလေသည်။ စားစရာ၊ သောက်စရာများ ပေကုန်မည် စသည် ဖြင့် တွက်ဆကြသည်။ မှန်ပါသည်။ အိမ်၏ ဝင်ငွေ၊ ထွက်ငွေ တွက်စစ် နေကြရသော အခါကာလများတွင် ဤသို့ တွက်ဆကောင်း တွက်ဆ ပေမည်။ သို့ဖြစ်သည့်တိုင်အောင်ပင် ကလေး၏ဦးနှောက် အားနည်း ရသည်နှင့် ကာမိသည်ဟူ၍ ကျွန်မ မယူဆနိုင်သေးပေ။ သို့သော် ကျောင်းဆိုသည်များကား ပညာရှာဖွေဆည်းပူးရာနေရာ ဖြစ်လေသည်။ ကလေးများ၏ ပင်ကိုကပင် ပါလာသည့် သင်ကြားသိမြင် နားလည် လိုသည့် စိတ်ကလေး အလဟဿ ပျောက်ကွယ်သွားရမည်ဆိုလျှင်
mgyoe.com

mgyoe.com


အဘယ်ရွေ့တာခြင်းသည် အဖိုးထိုက်တန် အရာရောက်ပါတော့မည်နည်း။

ကလေးများတွင် "ကစားသည်"ဟူသော စကားလုံးအတွက် သူတို့ ကိုယ်ပိုင် အဓိပ္ပာယ်တစ်ခုရှိသည်။ လူကြီးများအတွက် ကစားသည်ဟုဆိုလျှင် အလုပ်မလုပ်လိုခြင်း၊ ပျင်းရိခြင်း၊ အနားယူခြင်း၊ ရည်ရွယ်ချက် မရှိခြင်း စသော အထင်အမြင်မျိုးနှင့် ဆက်စပ်လျက် အဓိပ္ပာယ်ယူတတ်ကြလေသည်။ ကလေးများအတွက်မှာမူကား ဤသို့ လုံးဝ မဟုတ်ချေ။ ကျွန်မတို့၏ကျောင်းတွင် စတင် တည်ထောင်သော အခါက ကျောင်းအမည်ကို "ကစားကျောင်း"ဟူ၍ အမည်ပေးခဲ့သည်။ ဤသို့ အမည်ပေးခြင်းအားဖြင့် ကျွန်မတို့ နားလည်သည့်အတိုင်း ကစားခြင်းဖြင့် ကလေးများ ပညာသင်ယူရန် ရည်ရွယ်ခဲ့ပေသည်။ ကျောင်းဖွင့်ခဲ့စကပင် ကလေးများက "ကစားကျောင်း"ဟူသော နာမည်တွင် "ကစား"ဟူသော စကားကို ဖျက်သိမ်းပစ်ရန် ပြောဆိုခဲ့ကြလေသည်။ သူတို့အဖို့မှာ ဤနေရာသည် ကစားရာနေရာမဟုတ် ပညာရှာဖွေရာ ဖြစ်လေသည်။ သူတို့သည်လည်း တပင်တပန်း ကြိုးစား၍ ပညာရှာဖွေ ဆည်းပူးကြလေသည်။

သူတို့ မည်မျှအပင်ပန်းခံကြသည်ကို စောင့်၍ကြည့်နေသူ မဟုတ်က မသိနိုင်ပေ။ မည်သည့်ဖခင်မှ သူ၏ရုံးတွင် လည်းကောင်း၊ မည်သည့်မိခင်မှ သူ၏ အိမ်တွင်လည်းကောင်း ဤကလေးတွေလောက် အလုပ်သွက်သွက်လက်လက် လုပ်ကြမည် မဟုတ်ပေ။ ကျွန်မသည် အတန်ကြာပင် ဤကလေးများသည် ပင်ပန်းလွန်း၍ ဉာဏ်ပညာ အင်အားများ ကုန်ခန်းသွားလေမည်လားဟူ၍ စိုးရိမ်မိပေသည်။

သူတို့၏ ပညာရှာဖွေလိုသည့် ဆန္ဒကို ကျွန်မသည် နည်းလမ်းအသွယ်သွယ်ဖြင့် လေ့လာခဲ့ဖူးသည်။ ထိုဆန္ဒမှာ ကစားလိုသော ဆန္ဒ

mgyoe.com

mgyoe.com

ပင်ဖြစ်ပေသည်။ ကျွန်မတို့သည် ကလေးများ၏ ထိုဆန္ဒကို အပြစ်တင် ကြိမ်းမောင်း၍ အရေးမကြီး၊ အရာမရောက်သလို ပစ်ပယ်လိုက်သည့် အချိန်မှာပင် ကျွန်မတို့သည် စတင်၍ ကလေးကို ဖျက်ဆီး ဖြုန်းတီး ပစ်နေခြင်း ဖြစ်ပေတော့သည်။

သူတို့၏ဆန္ဒမှာ သူတို့ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုခြင်း၊ ကိုင်တွယ်ကြည့်လိုခြင်း၊ ကြုံတွေ့ဖူးလိုခြင်းတို့ပင်ဖြစ်ကြောင်း ကျွန်မ တွေ့ရှိခဲ့ရသည်။ ကျွန်မတို့သည် ဤသို့ သူ့အား ကိုယ်တိုင် မရှာဖွေ စေဘဲ ကျောင်းဆရာမှတစ်ဆင့် သို့မဟုတ် ပတ်ဝန်းကျင် လူလောကမှ တိုက်ရိုက် မသင်ယူစေဘဲ စာအုပ်များမှတစ်ဆင့် တစ်ပတ်နွှမ်း ပညာ များကို သင်ယူစေသည့် အချိန်သည်ပင်လျှင် ကျွန်မတို့သည် ကလေး များကို အလဟဿ ဖြုန်းတီးပစ်သည့်အချိန်ပင် ဖြစ်ပေတော့သည်။

မှန်ပါသည်။ ကလေးသည် သူ့ပတ်ဝန်းကျင်ရှိ တစ်နေ့တခြား ကျယ်ဝန်းလာသည့် လောကအကြောင်း လေ့လာဆည်းပူးရင်း သူသည် ကိုယ်တိုင်ကိုယ်ကျ မသွားလာ၊ မဆည်းပူးနိုင်သော အချိန်တစ်ချိန်ကား ရောက်လာရပေမည်။ အလွန်ဝေးကွာသော အရပ်ဒေသများအကြောင်း၊ လွန်လေခဲ့သော ကာလအကြောင်းများကို လေ့လာသောအခါ သူတို့ သည် ပြတိုက်များ၊ စာအုပ်များကိုသာ အသုံးပြုရပေလိမ့်မည်။ သူသည် အဘယ်အချိန်မှစ၍ ပညာကို တစ်ဆင့်ခံနည်းဖြင့် သင်ယူသင့်သည်ကို ဆုံးဖြတ်ရန်မှာ အလွန်တရာ အရေးကြီးလှပေသည်။ သူသည် သူ့ကိုယ် တိုင်ကိုယ်ကျ ကြည့်ရှုဆည်းပူးနိုင်မည့် ပညာရပ်များတွင် တစ်ခုနှင့် တစ်ခု ဆက်စပ်၍လည်းကောင်း၊ အချက်အလက်များကို စုပေါင်း၍ လည်းကောင်း၊ ကိုယ်တိုင် မေးခွန်းထုတ်၊ ကိုယ်တိုင် အဖြေပေးကာ ဝေဖန်သုံးသပ်၍ မပြီးခင်ပင် ကျွန်မတို့က အခြားနည်းလမ်းတစ်ခုကို ရုတ်တရက် ဖွင့်ပေးလိုက်ခြင်းအားဖြင့် သူတို့၏ သင်ကြားလိုစိတ်

mgyoe.com

mgyoe.com



ကလေးများသည် ထိုနည်းလမ်းထဲတွင် ပျောက်ကွယ်သွားတတ်ပေသည်။

နောက်တစ်ခုမှာ ကလေးများ၏ ပညာရှာဖွေ ဆည်းပူးခြင်းမှ ထိုပညာကို လက်ငင်း နားလည် သိမြင်သည့် အပိုင်းအခြားအတွင်း အသုံးပြုရန် ဖြစ်ပေသည်။ ကလေးများကို ကိုယ်တိုင် တိုက်ရိုက် မရှာစေဘဲ လူကြီးများ သိပြီးသား ပညာရပ်များကို တစ်ခါတည်း စုပေါင်း၍ သင်ပေးခြင်းဖြင့် ကလေးများအား ရေကူးခြင်း၏သဘော အချက်အလက်များကို ကောင်းစွာသိပြီး ရေမကူးတတ်ဘဲ ရေနစ်ခံသူကဲ့သို့ ဖြစ်စေတတ်ပေသည်။

ကျွန်မသည် ဤအရာများကို သိရှိ၍ သူတို့၏ အလဟဿဖြစ်မှုကို မည်သို့ ရပ်တန့်စေရပါမည်နည်း။ သူတို့၏ အဖိုးတန်ဦးနှောက် အင်အားများကို မည်သို့ လမ်းသွယ်ပေး၍ ဖွံ့ဖြိုးစေရပါမည်နည်းဟု လေ့လာသည်မှာ ကျွန်မ တစ်သက်တာမျှပင် ဖြစ်တော့သည်။

■

mgyoe.com

mgyoe.com

## အခန်း [ ၂ ]
## ရှေးဦးစွာ စမ်းသပ်ခြင်းများ

ကျွန်မသည် ရှေးဦးစွာ ကလေးသူငယ်များ၏ ပညာရေးကို လေးနက်စွာ စဉ်းစားမိသည်မှာ ဆရာဖြစ်သင် ကျောင်းတွင်နေစဉ် နေ့တစ်နေ့ပင် ဖြစ်ပါသည်။ ထိုနေ့တွင် ဆရာမလုပ်သူသည် သူငယ်တန်းကလေးများကို စုပိုင်း၍ ငြိမ်သက်စွာ ထိုင်စေသည်။ စကားပြောလိုက ပြော၍ စာအုပ်ကြည့်လိုက ကြည့်ရန်ကား အခွင့်ပေးသည်။ ဤကား ကလေးများ၏ ကျောင်းရောက်စနေ့ပင် ဖြစ်သည်။ ဤသို့ နေစေခြင်းဖြင့် လူတို့သည် တစ်ဦးနှင့်တစ်ဦး ငြိမ်သက်အေးချမ်းစွာ ပေါင်းသင်းရသည် ဖြစ်ကြောင်း သိစေခြင်းဟု ဆိုသည်။ မှန်ပါသည်။ အလွန် အဖိုးတန်သော ပညာတစ်ခုပင် ဖြစ်ပါသည်။ သို့သော် ကျွန်မကား မည်သို့မျှ မနှစ်သက်နိုင်ပါ။ ကလေးတို့၏ လှုပ်ရှားတက်ကြွသော သဘာဝနှင့် ဆန့်ကျင်လှပေသည်။ ကလေးများသည် သူငယ်တန်းတွင် သင်ကြားရသည့် ပညာရပ်မှာ ငြိမ်သက်စွာနေခြင်းပင်ဖြစ်သည်။ ထို့နောက် ကျွန်မသည် ဆရာဖြစ်သင်ကျောင်းမှထွက်၍ ဖီးလာဒဲ(လ်)ဖီးယားမြို့ ကျောင်းတစ်ကျောင်းသို့ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပါသည်။

ထိုကျောင်းတွင် ကျွန်မသည် သမားရိုးကျ ကျွန်မအား သင်ပေး

mgyoe.com

mgyoe.com



လိုက်သော နည်းလမ်းအတိုင်းပင် သင်ကြားခဲ့ပါသည်။ အခြားနည်းအား ဖြင့်လည်း မသင်ကြားတတ်သေးပေ။ သို့သော် ထိုသို့ သင်ကြားနေစဉ်မှာပင် ကျွန်မ၏စိတ်ထဲ၌ ကျွန်မသည် အဖိုးမတန် အရာမရောက်သော ပညာရေးစနစ်ကြီးကို တည်တံ့အောင် လုပ်နေရသည်ဟု စိတ်လေးစွာ ယူဆထားမိသည်။ ကျွန်မ၏ တပည့်လေးများသည် တစ်နေ့ဆရာများ ဖြစ်လာဦးမည်။ ဖြစ်လာသောအခါ သူတို့သည် ကျွန်မကဲ့သို့ပင် သူတို့၏ တပည့်လေးများကို ဤ သမားရိုးကျ အဖိုးမတန်သောနည်းကြီးနှင့်ပင် သင်ပေဦးတော့မည်။ ကျွန်မသည် သူတို့အပေါ်တွင် မတရား တစ်စုံတစ်ရာပြုနေသည်ဟု ထင်မြင်ယူဆနေမိသည်။

ထို့နောက် ကျွန်မသည် နွေရာသီသင်တန်းများသို့ သွား၍ကြည့်ပါသည်။ ဆွီဒင်ပြည်ရှိ ဆလွိုက်ကျောင်းမှာ နွေရာသီသင်တန်းများတွင် အလွန် နာမည်ကြီးသော ကျောင်းတစ်ကျောင်း ဖြစ်ပေသည်။ သို့သော် ထိုကျောင်းတွင်လည်း ကလေးများ၏ သင်ကြားလိုသော ဆန္ဒကို ပြည့်ဝအောင် လုပ်ပေးနိုင်စွမ်း မရှိချေ။ ဥပမာအားဖြင့် လက်မှုပညာရပ်များနှင့် ပတ်သက်လာလျှင် ကလေးများ ကိရိယာတန်ဆာပလာကိုင်တွယ် အသုံးပြုရာတွင် ကျွမ်းကျင်အောင် သင်ကြားပေးနိုင်သည်။ သို့သော် ထိုပစ္စည်းများကို သုံးစွဲပြီး လက်ငင်းကလေးတို့ အသုံးပြုနိုင်မည့် ပစ္စည်းကား တစ်စုံတစ်ရာမဖြစ်လာပေ။ ကလေးများ သင်ကြားလိုသည်မှာကား အသုံးအဆောင်၊ တစ်စုံတစ်ရာပစ္စည်းပြုလုပ်နိုင်သည့် ပညာရပ်တစ်ခုခု ဖြစ်ပေသည်။

အခြားသူများကို အားကိုး၍ နည်းလမ်းကောင်းများကို ရှာဖွေ၍ မရသောအဆုံး၌ ကျွန်မသည် ကျွန်မကိုယ်ကျွန်မ အားကိုး၍ ကိုယ်တိုင် ရှာဖွေရပေတော့မည်။ ကျွန်မသည် ဆရာဖြစ်သင်ကျောင်းမှ လက်မှုပညာရပ်များတွင် ဆရာဖြစ် အောင်လာခဲ့ရကား ဖီလာဒဲ(လ်)

mgyoe.com

mgyoe.com


ဖီးယားသို့ ပြန်ရောက်သောအခါ ကျောင်းတွင် ကျောင်းသူလေးများကို လက်မှုပညာရပ်များ သင်ပေးရင်းပင် လက်မှုပညာရပ်များ သင်ကြားရာ၌ တန်ဆာပလာတစ်ခုသည် အခြားတစ်ခုထက် သုံးစွဲရာတွင် လွယ်ကူသည်၊ ခက်ခဲသည်။ မည်သည့် တန်ဆာပလာကို အရင်သင်ကြားကြရမည်။ ၎င်းနောက်မှ မည်သည့်အရာကို သင်ရမည်ဟု အစရှိသည့် ပုံသေဥပဒေနည်းလမ်းများသည် မည်မျှ မှန်ကန်သည်ကို ပထမဦးစွာ ကြိုးစားမှုအဖြစ် စုံစမ်းပါတော့သည်။ နောက်ဆုံးတွင် ပစ္စည်းတစ်ခုနှင့်တစ်ခု သုံးစွဲရာတွင် အခက်အလွယ် ကွာခြားမှုမှာ မပြောပလောက်ကြောင်းကို ကျေနပ်စွာ သိရှိရပေသည်။ တစ်ခုနှင့်တစ်ခု အသုံးချင်း ကွာခြားသော်လည်း သုံးစွဲရာတွင် အလွယ်အခက်ကား မကွာခြားရပေ။ ဤအခါတွင် ကျွန်မသည် ပထမဆုံးအကြိမ်အားဖြင့် လက်မှုပညာရပ်ဆိုင်ရာ အသုံးအဆောင် တန်ဆာပလာများကို အဆင့်ဆင့် ခွဲခြား၍ အစီအစဉ်အားဖြင့် သင်ကြားသည့်စနစ်မှာ စင်စစ်မခိုင်မာ အရာမရောက်လှကြောင်းကို သိရှိရပေသည်။

ကျွန်မသည် အခြားပိုမို၍ အရေးကြီးသော နည်းလမ်းဖြင့် ကျွန်မ၏ ပညာသင်စနစ်ကို ရှာဖွေဆည်းပူးခဲ့ပါသည်။ ထိုနည်းလမ်းကား ကျွန်မ အလုပ်လုပ်ကိုင်ရာ ကျောင်းနှင့်လည်းကောင်း၊ ကျွန်မသင်ယူခဲ့ရာ ဆရာဖြစ်သင်ကျောင်းနှင့်လည်းကောင်း လုံး၀ မသက်ဆိုင်သော နည်းလမ်းများပင် ဖြစ်ပေသည်။ ကျွန်မကို ညွှန်ကြားကူညီသူကား လူတို့၏တန်ဖိုးကို အထူးလေးစား လေ့လာသူ ပိဋကတ်တိုက်မှူးမလေးတစ်ဦး ဖြစ်ပေသည်။

သူ၏အမည်မှာ ဟဲလင်မရော့(တ်) ဖြစ်၍ နောက် "အမျိုးသမီးကုန်သွယ်ရေးအစည်းအရုံး" တွင် စည်းရုံးမှုလုပ်ငန်းနှင့်ပတ်သက်ပြီး ကျော်ကြားလာသူတစ်ဦး ဖြစ်ပေသည်။ ထို့ပြင် သူထုတ်သော 'အမေ

mgyoe.com

mgyoe.com



ရိုကန်ပြည် ကုန်သွယ်ရေးသမဂ္ဂများ”နှင့် “လုပ်ငန်းဆိုင်ရာ အပြုစိတ်ဓာတ်”ဟူသော စာအုပ်နှစ်အုပ်ကြောင့်လည်း လူသိများခဲ့သည်။ ကျွန်မသူ့ကို ပထမဆုံးတွေ့ခဲ့ရစဉ်က သူနှင့် အခြားစိတ်တူ၊ သဘောတူသူငယ်ချင်းတစ်ဦးတို့သည် ဖီလာဒဲ(လ်) ဖီးယားတွင် ပိဋကတ်တိုက်ကလေးတစ်ခု တည်ထောင်စဉ်ကပင် ဖြစ်ပေသည်။ ထို ပိဋကတ်တိုက်ကလေးသည် ဖီလာဒဲ(လ်)ဖီးယားမြို့၏ အယူအဆမျိုးစုံတို့ ပေါင်းဆုံရာ အချက်အချာကလေးတစ်ခု ဖြစ်လာသည်။ ဝါဒအမျိုးမျိုးနှင့်လူများ၊ တစ်သီးပုဂ္ဂလများ၊ ဆိုရှယ်လစ်များ၊ စိတ်ပညာသမားများသည် ထူးခြားသော စာအုပ်၊ မဂ္ဂဇင်းများကို ဖတ်ရှုရန် လာကြသည်။ ၎င်းပြင် ထိုနေရာတွင် တစ်ဦးနှင့်တစ်ဦး အယူအဆ ဆွေးနွေးရန်လည်း အခွင့်ရကြပေသည်။

ကျွန်မသည် ထိုနေရာသို့သွား၍ အချိန်ကြာမြင့်စွာ နေလေ့ပြုခဲ့သည်။ ကျွန်မ၏ ပညာရေး စွန့်စားမှုတို့ကို စိတ်တွင်းဝယ်ထားလျက် ကြည့်ရှုရာတွင် ထိုနေရာ၌ ပညာရေး၏ အခြားမျက်နှာစာတစ်ခုကို တွေ့ရပြန်သည်။ ထိုနေရာတွင် မုတ်ဆိတ်မွေးဖြူနေသည့် အဘိုးကြီးများ တစ်ဦးနှင့်တစ်ဦး အယူအဆ ဆွေးနွေးငြင်းခုံရင်း ပညာယူနေကြသည်ကို တွေ့ရသည်။ ပညာရေးသည် ကျောင်းတွင်စ၍ ကျောင်းတွင် အဆုံးသတ်ရန် မဟုတ်ဘဲ ကျောင်းထွက်သည်မှသာလျှင် အစဖြစ်လျက် တစ်ဘဝတာလုံးလုံး ဆက်လက် သင်ယူရမည့် ပညာရေး လမ်းမကြီး၏ ပထမဆုံး ခြေလှမ်းတစ်ခုပင် ဖြစ်ပေတော့သည်။

များစွာသော လူတို့သည် ပညာရေးကို ကျောင်းထွက်သည်နှင့်တစ်ပြိုင်နက် ပြီးဆုံးပြီဟူ၍ မှတ်ထင်ကြလေသည်။ ကျွန်မအတွက်ဆိုလျှင် အထက်ပါ အယူအဆနှင့် လုံးဝဆန့်ကျင်၍ ကျောင်းရှိ ပညာရေးမှာ ကုန်ဆုံးခြင်းအတွက်မဟုတ်ဘူး စတင်ရေးအတွက်သာ ဖြစ်

mgyoe.com

သည်ဟူ၍ ယူဆခဲ့လေသည်။ လူ့ဘဝတစ်ခုသည် လောကအကြောင်းကို သိနားလည်အောင် သင်ကြားယူရန် ရည်လွှန်းလှသော ကာလအပိုင်းအခြားဟူ၍ ကျွန်မတို့ မပြောဆိုနိုင်ပေ။ ကျောင်း၏တာဝန်မှာ ကလေးများ၏ ပင်ကိုသဘာဝ သင်ကြားလိုစိတ်၊ ကြိုးစားရှာဖွေဆည်းပူးလိုသော ဆန္ဒတို့ကို ပိုမို ဖွံ့ဖြိုးအားရှိလာအောင် ဆောင်ရွက်ပေးရန်ပင် ဖြစ်ပေသည်။ သို့မှသာ ထိုဖွံ့ဖြိုးပြီး အင်အားတောင့်တင်းပြီး စိတ်ဆန္ဒအရှိန်ကို အသုံးပြုလျက် တစ်ဘဝတာလုံး သူတို့ ကြီးပြင်းလာသည်နှင့်အမျှ သူတို့ရှေ့ရေးကို သူတို့ကိုယ်တိုင် တာဝန်ယူနိုင်ရန် ဖြစ်ပေသည်။ ဤအမြင်မျိုးနှင့် ကြည့်လိုက်သောအခါတွင်ကား "ပညာရေး"သည် ကျွန်မအတွက် အသစ်အဆန်းတစ်ခုဖြစ်လာလျက် ပုံသေရပ်တန့်နေသော ပညာရပ်တစ်ခုမဟုတ်ဘဲ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော သက်ရှိအရာတစ်ခု ဖြစ်လာပေတော့သည်။

ဖီလာဒဲ(လ်)ဖီးယားတွင် ကျွန်မ နောက်ဆုံးနေခဲ့သည့်နှစ်တွင် ကျွန်မသည် ကျောင်းတွင် အချိန်တစ်ဝက်မျှသာ လုပ်၍ ကျန်တစ်ဝက်တွင် ဟဲလင်ဖရော့(တ်)အား ကူညီ၍ အပ်ချုပ်လုပ်ငန်းနှင့် ပတ်သက်သော ကူးသန်းရောင်းဝယ်ရေးများ ရှာဖွေလေ့လာခဲ့သည်။ ထိုအချက်အလက် ရှာဖွေချက်များကို နောင်တွင် အမေရိကန်အစိုးရအလုပ်သမားဌာန ပြန်တမ်းတွင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ထိုသို့လုပ်ကိုင်ရင်း ရရှိသော ကိုယ်တွေ့ ဗဟုသုတတို့သည် ကျွန်မအား မျက်စိဖွင့်ပေးခဲ့လေသည်။ အပ်ချုပ် အလုပ်သမားများမှာ အိမ်ထဲတွင်ပင် လုပ်ကိုင်ရန်၊ အချိန်အပိုင်းအခြားမရှိ၊ နေ့ရောညပါ လုပ်ကိုင်ကြရသည့် အခြေအနေနှင့်ပတ်သက်၍လည်း ကန့်သတ်စီမံချက်များ မရှိချေ။ ကျောင်းသားများသည် ကျောင်းမှထွက်လျှင် လူ့လောကအတွင်း၌ ဤသို့ပင် ပင်ပန်းစွာ လုပ်ကိုင် အသက်မွေး

mgyoe.com

mgyoe.com



ကြရမည်ဆိုလျှင် ရှေ့တွင် ကျောင်းများတွင် ပညာသင်ရေးစနစ်ကို တစ်မျိုးတစ်မည် ပြောင်းလဲဖို့ရန်အတွက် ဟဲ(လ်)လင်နှင့် ကျွန်မတို့ မကြာခဏ တိုင်ပင်ကြသည်။ ကျွန်မ ထင်မြင်ချက်အရဆိုလျှင် လောက တွင် တကယ် ထိထိရောက်ရောက် တွေးတော စဉ်းစားနိုင်၍ တိုးတက် ကောင်းမွန်အောင် အလုပ်ကို လုပ်ကိုင်ပြီး လောက၏အခြေအနေကို ယခုထက် ပိုမို ကောင်းမွန်လာအောင် ပြုလုပ်ဆောင်ကြဉ်းနိုင်မည့် လူသားများကို ထုတ်လုပ်ရေးသည် ကျောင်းတစ်ကျောင်း၏ အဖိုးတန် ဆုံး လုပ်ငန်းတစ်ရပ် ဖြစ်ရပေသည်။

ကျွန်မ၏ ကိုယ်ပိုင် ထင်မြင်ချက်များအတိုင်း ပညာသင်ရေးကို လက်တွေ့ လုပ်ကိုင်နိုင်ရန်အတွက် နည်းလမ်းရှာဖွေရသော အချိန် တစ်ချိန်ကား ရောက်လာပေသည်။ ကျွန်မသည် ဖီလာဒဲ(လ်)ဖီးယား ကျောင်းမှထွက်၍ နယူးယောက်သို့ ပြန်သွားပါသည်။

နယူးယောက်တွင် ကျွန်မ အလုပ်သုံးခု ရရှိပါသည်။ သုံးနေရာ လုံးမှာပင် ကျွန်မသည် လက်မှုပညာသင် အလုပ်ရုံလေးများကို ထားရှိ၍ လွတ်လပ်စွာ ကျွန်မ စိတ်တိုင်းကျ သင်ကြားနိုင်ပါသည်။ ပုံသေကား ကျ စနစ်ဥပဒေကြီးများမရှိဘဲ အချုပ်အချယ် ကင်းမဲ့စွာ သင်ကြားနိုင် သည့်အပြင် အလုပ်သုံးခုလုံးကိုပင် ကျွန်မသည် တစ်ပြိုင်တည်း လုပ် နိုင်ရကား သုံးခုလုံးကိုပင် ကျွန်မ လက်ခံလိုက်ပါသည်။

ကျွန်မသည် စသင်သင်ချင်းပင် ကလေးများအား သူတို့ လုပ် လိုရာ လုပ်နိုင်ကြောင်း၊ တစ်စုံတစ်ရာ အခက်အခဲတွေ့သည့် အခါတွင် သာ ကျွန်မက ကူညီရန်ဖြစ်ကြောင်း ပြောပြထားပါသည်။ ၎င်းပြင် သူတို့ တစ်စုံတစ်ရာလုပ်ရန် စဉ်းစား၍ မပေါ်သောအခါ စိတ်ပျက် ငြီးငွေ့ခြင်းမဖြစ်ရန်အတွက် လှေငယ်လေးတစ်ခု သေတ္တာလေးတချို့ နှင့် ကစားစရာ အိမ်ထောင်ပရိဘောဂလေးများကို နမူနာလုပ်ပြ၍

mgyoe.com

mgyoe.com

ထားပါသည်။ ကျွန်မသည် သင်ကြားရာ၌တွင် ကျောင်းသားများကို အလွန်အကျွံ ရှေ့လောမကြီးရန် ဩဝါဒပေးထားပါသည်။ သူတို့ အလုပ်တစ်ခုခု မလုပ်ခင် သူတို့ ဘာလုပ်ချင်ကြောင်း ပြောရန်နှင့် ပြုလုပ်ချင်သည့်အရာကို ပုံဆွဲ၍ ကျွန်မအား ပြထားရန် သင်ကြားထားပါသည်။ သူတို့ အလုပ်လုပ်နေသည့်အခါတွင် ကျွန်မသည် သူတို့ အကြားတွင် သွားလာနေလျက် သူတို့ အကိုင်အတွယ် မှားယွင်းနေသည့်အခါများတွင် ပြုပြင်ပေးခြင်း၊ သူတို့ လုပ်လိုသည့် အရာများကို မည်သည့်နည်းနှင့် အလွယ်ကူဆုံးလုပ်နိုင်ကြောင်း၊ ညွှန်ကြားပေးခြင်းကို ပြုလုပ်ရသည်။ ကျွန်မ သူတို့အား လိုက်နာရန် ညွှန်ကြားသော ဥပဒေမှာ တစ်ခုတည်းသာ ဖြစ်သည်။ ထိုဥပဒေကား အလုပ်လုပ်လျှင် လုပ် မလုပ်လျှင် ရုံမှ ထွက်ခွာသွားရန်ပင် ဖြစ်သည်။

အခြား စည်းကမ်းချက်များ မရှိသည့်အတွက် ဤစည်းကမ်းတစ်ခုတည်းကို ခရီးရောက်အောင် ထိန်းသိမ်းရသည်မှာကား အမှန်အားဖြင့် မလွယ်လှပေ။ သို့သော် တဖြည်းဖြည်း စည်းကမ်းကျနထိရောက်လာလေသည်။ တချို့သော ကျောင်းကို အလုပ်လုပ်သည့်အချိန်တွင် လုပ်၍ ပြန်သွားတတ်သည်က များလေသည်။ တချို့သော ကလေးများသာလျှင် တကယ်တတ်မြောက်လိုသော ဆန္ဒနှင့် လာကြခြင်း ဖြစ်သည်။ သူတို့၏ ခေါင်းမာမှုကလေးများကို ကျွန်မ တွေ့ရှိလာရသည်။ သို့သော် သူတို့လက်တွင်းရှိ အလုပ်ကို ဂရုစိုက် ထိန်းသိမ်းစောင့်ကြပ်ကြည့်ရှုခြင်းဖြင့် သူတို့ကို ကျွန်မ အုပ်ချုပ်လာနိုင်ခဲ့သည်။ သူတို့ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော ပစ္စည်းများ ဖြစ်မြောက်မှုပေါ်တွင် ကျေနပ်နှစ်သိမ့်ခြင်း၊ လက်တွေ့အောင်မြင်ခြင်းတို့ကို တွေ့ရသောအခါတွင် ကျွန်မ၏ ပညာရေးစနစ်သစ်သည် အောင်မြင်လာခဲ့လေသည်။ ဤအတိုင်းပင် ကျွန်မ ကြိုတင်မျှော်လင့်ခဲ့သည်။

mgyoe.com

mgyoe.com



သူတို့သည် သူတို့ ရရှိခဲ့သည့် အကြံဉာဏ်များကို လွယ်လင့်တကူနှင့် ပြောပြတတ်၍ ထိုအရာဝတ္ထုများကို ပြုလုပ်ရန်လည်း ပိုမို၍ အဆင်သင့် ဖြစ်လာကြလေသည်။ သူတို့သည် ခရီးများများသွား၍ ပစ္စည်းများများ တွေ့ကြုံသုံးစွဲရလေလေ သူတို့၏ အလုပ်ရုံတွင် သူတို့ ကိုယ်တိုင် ပြုလုပ်ရန် ပစ္စည်းအမျိုးအမည်များလာလေလေ ဖြစ်တော့သည်။

သမားရိုးကျစနစ်ဖြင့် တွက်စစ်ကြည့်လျှင်ကား ကျွန်မ၏ အလုပ်ရုံကလေးများမှ ထွက်သော ပစ္စည်းများသည် အနည်းနှင့် အများ ကြမ်းတမ်းသည်ဟု ဆိုရပေမည်။ သို့သော် ကျနသေသပ်စွာ ပြုလုပ်ရန်မှာ ကျွန်မ၏ ရည်ရွယ်ချက် မဟုတ်ချေ။ အရေးကြီးသောအချက်မှာကား ထိုပစ္စည်းများကို ကလေးများကိုယ်တိုင် ကြိုတင်ပုံစံချခြင်း၊ ကိုယ်တိုင် မည်သို့မည်ပုံ ပြုလုပ်မည်ဟု စဉ်းစားခြင်း၊ ကြံစည်ခြင်း၊ တတ်နိုင်သမျှ သူတို့ကိုယ်တိုင် အစအဆုံးတိုင် ပြုလုပ်နိုင်ခြင်းတို့ပင် ဖြစ်သည်။ ကျွန်မသည် သူတို့၏ အခက်အခဲများအတွက် အကြံဉာဏ်တောင်းမည်ကို အမြဲတစေ စောင့်၍ အဆင်သင့်နေခဲ့သည်။ သူတို့ အခက်အခဲကြုံနေသည့်အခါတွင်သာ ကျွန်မ ဝင်ရောက်ကူညီခဲ့သည်။ တစ်ခါတစ်ရံ ပိုမို လွယ်ကူသော ဖြတ်လမ်းနည်းကလေးများပေးရန် ဝင်ရောက်စွက်ဖက်ခဲ့သည်။ ကလေးများသည် ကိုယ်တိုင် ပြုလုပ်ခြင်းဖြင့်သာ ပညာရှာ သင်ကြားသည် မဟုတ်ပေ။ ကိုယ်တိုင် စဉ်းစား ကြံစည်ခြင်း၊ ပုံစံရေးသားခြင်း ပြုလုပ်ရန်အတွက် အစီအစဉ်ဆွဲခြင်း တို့ဖြင့်လည်း ပညာရရှိကြပေသည်။ သူတို့ပြုလုပ်သည့် အရာဝတ္ထုများကား ကြမ်းတမ်းကောင်း ကြမ်းတမ်းပေမည်။ သို့သော် ကလေးတစ်ဦးသည် သူပြုလုပ်သည့် အရာဝတ္ထုတစ်ခုပေါ်တွင် ကျေနပ်နှစ်သိမ့်နေနိုင်လျှင်ပင် ကျွန်မအလိုကား ပြည့်စုံလေပြီ။ သူ၏ ကျွမ်းကျင်မှု တိုးတက်

လာသည်နှင့်အမျှ သူ၏ အလုပ်အဆင့်အတန်းသည် လည်း တိုးတက်လာပေလိမ့်မည်။ သို့သော် အကယ်စင်စစ်အားဖြင့်လည်း သူတို့၏ စွမ်းအားရှိသည်ထက် ပိုမိုအတန်းမြင့်သော ကျွမ်းကျင်မှုကို မလိုလားအပ်ပေ။ အတန်းမြင့်သော ကျွမ်းကျင်မှုရှိသလောက် စွမ်းအားမလိုက်နိုင်လျှင် ကလေးသည် အလုပ်မလုပ်မီကပင်လျှင် စိတ်ပျက်သွားတတ်ပေသည်။

မကြာမီပင် ကလေးများအတွက် ကျွန်မ ဂုဏ်ယူနိုင်သော အခြေသို့ ရောက်လာလေသည်။ သူတို့သည် ကျွမ်းကျင်သော အလုပ် သမားလေးများ ဖြစ်လာကြသည်။ သူတို့၏စိတ်သည်လည်း ကျေနပ်ခြင်းဖြင့် ပြည့်ဝနေလေသည်။ ကလေးတစ်ဦးကို သူကိုယ်တိုင်မလုပ်သည့် ပစ္စည်းတစ်ခုအတွက် သူကိုယ်တိုင် လုပ်ခဲ့သည့်အလား လှည့်စားယုံကြည်စေရန်မှာ မလွယ်ကူလှပေ။ သူတို့ကိုယ်တိုင် မည်ရွေ့မည်မျှ ပြုလုပ်သည်။ မည်သည့်နေရာတွင် ကျွမ်းကျင်သော လူကြီးလုပ်သူက ဝင်ရောက်ကူညီခဲ့သည်တို့ကို သူတို့ ကျကျနန သိသည်။ သို့သော် ကျွန်မ၏ ကျောင်းသားလေးများကား သူတို့လုပ်သမျှ ပစ္စည်းများသည် ကြံစည်ရာတွင် လည်းကောင်း၊ အစီအစဉ်ဆွဲရာတွင်လည်းကောင်း၊ ပြုလုပ်ရာတွင် လည်းကောင်း၊ အကုန်လုံး သူတို့ကိုယ်တိုင် ပြုလုပ်ခဲ့ကြောင်းကို သိရှိကြရကား ဤပညာရပ်များသည် သူတို့၏ ရှေ့ရှိသူတို့စိတ်ဝင်စားနေသော လူ့လောကကြီးထဲသို့ စိတ်ချလက်ချ ကိုယ်အစွမ်းကို ယုံကြည်စွာနှင့် ခရီးနှင်သွားနိုင်ကြပေပြီ။

သမားရိုးကျ ကျောင်းများတွင် တစ်နှစ်လျှင် ၁၀ လမျှ အချိန်ကုန်ကြရသည်။ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ငါးနာရီကြာမျှ ကုန်ဆုံးရလျက် ထိုအချိန်ကာလသည် သူတို့အား အသုံးပြုလောက်သော ပညာရပ် တစ်စုံတစ်ရာကို မပေးနိုင်ခဲ့ချေ။ သူတို့အား ထိုအချိန်

mgyoe.com

mgyoe.com



ကာလအတွင်း စာအုပ်လောကထဲသို့သွားရန် အကျင့်လုပ်ပေးကြသည်။ သို့သော် မည်သည့်ကလေးမျှ သူတို့ သင်ကြားခဲ့ရသည့်ပညာကို အသုံး မပြုနိုင်ကြချေ။

ကျွန်မ အခက်အခဲတစ်ခုကို တွေ့မြင်ခဲ့ရပြန်သည်။ ကလေး များ၏ အိမ်များမှာ အိမ်ထောင်ပရိဘောဂများ ပြည့်နှက်လျက်နေကား ကလေးများကိုယ်တိုင် အလုပ်ရုံတွင် ပြုလုပ်လျက် ဂုဏ်ယူကာ သယ် ဆောင်လာသော ပစ္စည်းများကို အိမ်တွင် နေရာမပေးနိုင်ခြင်း ဖြစ်ပေ သည်။ တစ်ခါက ကလေးဖခင်တစ်ဦးသည် ကလေးငယ် ပြုလုပ်လာ သော မော်တော်ကားကလေးကို အိမ်တွင် ရှုပ်သည်ဟု လွှင့်ပစ်ခဲ့ဖူး သည်။ ထိုအခါတွင်မှ ကလေးများတွင် ကိုယ်တိုင် ကျွမ်းကျင် နည်းပါး မှု၊ အခက်အခဲအပြင် ဤသို့သော အခြားအခက်အခဲကလေးများလည်း ရှိသေးကြောင်း ကျွန်မ သိရှိခဲ့ရသည်။ ကလေးများသည် ပြုလုပ်ရာတွင် စိတ်ပါဝင်စား ကြည်နူး၍ အသုံးလည်းဝင်လျက် အိမ်တွင် ထားရှိရန် လည်း တာဝန်မလေးလှသော ပစ္စည်းမျိုးကို စဉ်းစားရှာဖွေရသောအခါ သို့ ရောက်လာတော့သည်။ ဤ ကိစ္စမှာ ထင်သည်ထက် ရှာဖွေရာတွင် ခက်ခဲသောအရာပင် ဖြစ်ပေတော့သည်။

ဤသို့ ရှာဖွေနေဆဲတွင် ကျွန်မသည် တစ်သက်တာတွင် မမေ့ နိုင်ဘဲ နောင် ဤအရေးများ စဉ်းစားတိုင်း ပေါ်ပေါက်လာလေ့ ရှိသော အခြင်းအရာတစ်ခုကို တွေ့ရှိခဲ့ရသည်။ ကျွန်မစိတ်ထဲတွင် အဘယ် အရာသည် ကလေးများအတွက် ပြုလုပ်ရန်နှင့် အိမ်တွင် သုံးစွဲထားရှိရန် သင့်တော်ပါမည်နည်းဟု ထာဝစဉ် စဉ်းစားရင်း ကျွန်မ၏ သူငယ်ချင်း တစ်ဦး၏အိမ်သို့ တစ်နေ့ သွားရောက်လည်ပတ်သည်။ သူ့မှာ စိတ်ဝင် စားဖွယ်ကောင်းသော ကလေးတစ်ယောက်ရှိသည်။ ထိုကလေးမှာ ခြောက်နှစ်အရွယ်ရှိ၍ ထိုးထွင်းဉာဏ်နှင့် ပြည့်စုံသော ကလေးတစ်ဦး

mgyoe.com

mgyoe.com

ဖြစ်၍ ကျွန်မ ရောက်တိုင်း သူ၏ကစားခန်းသို့ဝင်၍ သူ့အား မှန်မှန် ကြည့်ရှုခဲ့သည်။

ယခုတစ်ကြိမ်တွင် ကျွန်မသည် သူ့အားကစားခန်းအတွင်းတွင် မီးရထားလမ်းများ ပြုလုပ်နေသည်ကို တွေ့ရသည်။ သူ၏ ရထားလမ်းများကို သစ်သားတုံးလေးများ၊ မီးခြစ်ဖာအလွတ်များ၊ စက္ကူသေတ္တာများ၊ အခြား သူ တွေ့ရှိသမျှ ပစ္စည်းများကို အသုံးပြုကာ ဆောက်လုပ်နေသည်။ မီးရထားများ ဝင်ထွက်နေသည့်ပုံ။ ဥသြများမှုတ်သည့်ပုံ ပြုလုပ်ကစားနေသည်ကို ကျွန်မ ရပ်ကြည့်နေမိသည်။ ဘူတာရုံဘေးတွင် ခရီးသည်များကို စောင့်နေသော ကားများနှင့် ၎င်းတို့၏ ဟွန်းတီးသံများ ဆူညံနေသည့်ဟန် ပြုလုပ် ကစားနေသည်ကို တွေ့မြင်ရသောအခါ ကျွန်မ မြင်ဖူးသမျှ ကလေးများထဲတွင် ဤကလေးသည် သူ၏ အလုပ်ပေါ်တွင် သူ အကျေနပ်ဆုံး၊ အနှစ်သက်ဆုံး ကလေးတစ်ဦးဖြစ်ကြောင်း သတိထားမိသည်။

ကလေး၏ ရထားလမ်းများကို မထိခိုက်အောင် နံရံမှာ ကပ်မှီရင်း ကျွန်မ၏ခေါင်းထဲသို့ လေးနက်သော အတွေးတစ်ခု ဝင်လာသည်။ ဤကလေးသည် သူ၏နည်းလမ်းဖြင့် ပတ်ဝန်းကျင်လောက အခြေအနေအကြောင်း သဘာဝများကို သင်ကြားမှတ်သားနေခြင်းပင် ဖြစ်ပေသည်။ ဤအခြင်းအရာများကို သူကိုယ်တိုင် ကြည့်ရှု မှတ်သားခဲ့သည်။ သူကိုယ်တိုင် အချက်အလက်များ ပြည့်စုံအောင် စုဆောင်းခဲ့သည်။ ထို့ပြင် ယခု သူသည် သူမြင်ခဲ့ရသည့်အရာများကို တိကျသေချာစွာ ပြန်လည်၍ ရေးသားဖော်ပြနေခြင်းပင် ဖြစ်ပေသည်။ ဤအရာများကိုကြည့်၍ ကလေးသည် သူ နားလည်သမျှ အရာဝတ္ထုများကို အခြေအနေကို ပြုလုပ်ကြည့်သည်။ တစ်ခုနှင့်တစ်ခု ဆက်စပ်ပုံကို တွေးတောကြည့်ဖို့၊ ဤသို့ အထွေထွေဖြစ်ပေါ်ရခြင်းအကြောင်းနှင့်

mgyoe.com

mgyoe.com



အကျိုးများ ရည်ရွယ်ချက်များကို ကြံစည် နားလည်လေတော့သည်။ ဤသည်ပင် စဉ်းစားကြံစည်ခြင်း၊ ဤသည်ပင် သင်ကြားခြင်း ဖြစ်ပေသည်။ အကယ်၍ ကလေးတစ်ဦးကို လွတ်လပ်စွာ သူ့စိတ်တိုင်းကျ ပညာရှာဖွေစေပါက ပတ်ဝန်းကျင်လောကမှ သူ စိတ်အဝင်စားဆုံး လက်ငင်းအရာဝတ္ထု အကြောင်းအချက်များကို ဤနည်းနှင့်ပင် ဆည်းပူးပေလိမ့်မည်။

ကျွန်မသည် ဤကဲ့သို့ ပျော်ရွှင်ကျေနပ်စွာ ကစားနေကြသော ကလေးများနှင့် ပြည့်နက်နေသည့် ကလေးလောကကို တွေ့လိုသော ဆန္ဒပြင်းပြလာခဲ့သည်။ ဤသို့ ပျော်ရွှင်စွာ ကစားခြင်းသည် ကလေးများအဖို့ များစွာ အဖိုးထိုက်တန် ကောင်းမွန်သော ပညာသင်ကြားရေးအတွက် နည်းလမ်းတစ်ခုဖြစ်လာရသည်ဟု တွေးတော ဆုံးဖြတ်မိသည်။ သို့သော် ဤလမ်းကို ကျွန်မ လုပ်ကိုင်ဆဲ ဌာနသုံးခုစလုံးတွင်ပင် အသုံးမပြုနိုင်ပေ။

နောက်ဆုံးတွင် ကျွန်မ၏ ပြင်းပြသောဆန္ဒသည် ကျွန်မကို အလုပ်များမှ နုတ်ထွက်စေခဲ့သည်။ ကျွန်မ အကြံဉာဏ်သစ်တစ်ခု ရလာသည်။ ထိုအကြံမှာ ယခုကဲ့သို့ ပညာသင်ကြားပေးနေခြင်းထက် ကလေးများသည် သူတို့ ပတ်ဝန်းကျင်ကို လေ့လာရာတွင် ကျင့်သားပိုမို ရရှိစေနိုင်သော ကစားစရာလေးများ ပြုလုပ်ရန်ပင် ဖြစ်သည်။ ကစားစရာများမှာ အရွယ်ပမာဏအားဖြင့် လည်းကောင်း၊ အသုံးပြုထား ရှိရခြင်းအားဖြင့်လည်းကောင်း တစ်ခုနှင့်တစ်ခု လူ့လောကအတွင်းရှိ ပစ္စည်းများကဲ့သို့ အဆက်အသွယ် ရှိစေရမည်။ ကလေးများသည် သူတို့မြင်နေကျ စက်ရုံ၊ အိမ်၊ ဈေးဆိုင် စသည်များကို သူတို့၏ အနီးအနားတွင် ဆောက်တည်လျက် လေ့လာနိုင်ကြရမည် ဖြစ်သည်။

ကျွန်မသည် ကစားစရာများပြုလုပ်ရာတွင် လွယ်ကူနိုင်သမျှ

mgyoe.com

mgyoe.com
လွယ်ကူရှင်းလင်းစွာ ပြုလုပ်ခဲ့သည်။ သို့မှသာ ကလေးများသည် ဤအရာများ ကြည့်ရှု၍ သူတို့ကိုယ်တိုင် ပြုလုပ်နိုင်ကြပေလိမ့်မည်။ သို့သော် ဤအရာများကို ကျွန်မတစ်ယောက်တည်း ပြုလုပ်နေ၍ မဖြစ်မြောက်နိုင်ပေ။ ကျောင်းစနစ်သစ်တစ်ခု ဖြစ်လာအောင်ကား တစ်ဦးတည်းနှင့် မအောင်မြင်နိုင်ပေ။ သို့ဖြစ်ပေရာ ကျွန်မသည် အခြားနည်းလမ်းတစ်ခုကို ရှာဖွေခဲ့သည်။ ဤကစားစရာမျိုးကို ရောင်းတမ်းပြုလုပ်၍ အောင်မြင်နိုင်ခဲ့လျှင် ဤကစားစရာများကို အကြောင်းပြုလျက် ပညာရေးစနစ်တစ်ခု ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိသည်။ ထို့နောက် ကျွန်မသည် ကျွန်မ၏ ရည်ရွယ်ချက်အတိုင်း စွန့်စားပြုလုပ်မည့် အလုပ်ရုံပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံခဲ့သည်။

မစ္စတာ ကာစဲ(လ်)မင်းနှင့် ကျွန်မတို့သည် ဤကစားစရာများကို အတူ ပူးပေါင်း၍ ပြုလုပ်ခဲ့ကြသည်။ သို့သော် နောက်ဆုံးတွင်ကား တစ်ယောက်နှင့်တစ်ယောက် မတွေ့ဆုံခဲ့ရလျှင် ပိုမို ကောင်းလိမ့်မည်ဟု တွေးတောထင်ရသောအခါသို့ ဆိုက်ရောက်ခဲ့သည်။ ကလေးမိဘများကား ကျွန်မ ထင်သလိုမဟုတ်ပေ။ သူတို့သည် ဤကိစ္စကိုလည်းကောင်း၊ ဤကစားစရာများကိုလည်းကောင်း အရေးယူ မစဉ်းစားဘဲ ကစားစရာ အသစ်တစ်မျိုးဟူ၍သာ ပေါ့ပေါ့ဆဆ တွေးထင်ကြပေသည်။ ကျွန်မသည် သူတို့ကို မယုံကြည်နိုင်သည့်အလျောက်လည်း ဤစကားကို ဖွင့်မပြောခဲ့ပေ။ ဤကိစ္စနှင့်ပတ်သက်၍ မစ္စတာ ကာစဲ(လ်)မင်းသည်လည်း အတော်ပင် ဆုံးရှုံးခဲ့ရသည်။

ဤသို့ ကျွန်မ၏ရှေးဦးစွန့်စားမှုတစ်ခုသည် လောကတွင် အရာမထင်ဘဲ ပျောက်ကွယ်သွားရသော်လည်း ကျွန်မ ဝမ်းမနည်းမိပေ။ မည်သို့ပင်ဖြစ်စေ ဤဆုံးရှုံးမှုသည် ပြင်းထန်သောဆန္ဒဖြင့် ယောက်ယက်ခတ် ပြုလုပ်ကြိုးစားခဲ့သော ကျွန်မအား ဆန်းကြယ်သော တည်
mgyoe.com

mgyoe.com


ငြိမ်မှုသို့ ရောက်စေခဲ့သည်။

ကျွန်မ၏ ရောင်းဝယ်ရေး ဆုံးရှုံးမှုသည် ကျွန်မအား သင်ခန်းစာ တစ်ခု ရစေခဲ့သည်။ သင်၏ အကြံဉာဏ်တစ်ခုသည် မည်မျှပင် အဖိုး တန်၍ တကယ် ထူးခြားစွာ ထက်မြက်နေစေကာမူ လူတို့အား လက်ခံ နိုင်စေရန် လွယ်လွယ်နှင့် လျင်မြန်စွာ ပြုလုပ်နိုင်သည့် နည်းလမ်းကား မရှိချေ။ အခြား ပြုပြင်ရေးသမားများသည် သည့်ထက်မက ဆုံးရှုံးရပါ သေးသည်။ ကျွန်မမှာကား အချိန်နှင့် ရိုးသားသော ကုန်သည်တစ်ဦး၏ ငွေကြေးဆုံးရှုံးမှုကိုသာ တွေ့ကြုံရသေးသည်။

သို့သော် ကျွန်မ အလုပ်လုပ်ခဲ့သည့် နေရာသုံးခုရှိ ကလေး များထံမှ ကျွန်မ များစွာ သင်ခန်းစာရခဲ့ပါသည်။ သူတို့ကို လုပ်ချင်ရာ လုပ်စေချင်၏။ တန်ဖိုးကို ကျကျနနလက်တွေ့သိမြင်ခဲ့ရသည်။ အလုပ် ရုံတွင် ကလေးများကို ကြိုးကြိုးပမ်းပမ်းနှင့် စိတ်ဝင်စားစွာ လုပ်စေနိုင် သည်အထိကား အောင်မြင်ခဲ့ပါသည်။

ကျွန်မကို စိတ်ပင်ပန်းစေခဲ့သော ဆုံးရှုံးမှုများကား ရှိသေး သည်။ ကလေးများသည် အလုပ်ရုံသို့ ခဏမျှ လာရောက်ပြီး ပြန်သွား ကြသည်။ တစ်ပိုင်းတစ်စ ပြုလုပ်ပစ်လာခဲ့ကြသော ပစ္စည်းများသည် စင်မြင့်ပေါ်တွင် ပြည့်ကျပ်နေလေသည်။ အလုပ်ရုံတွင် တကယ် စိတ် ဝင်စားစွာ ပြုလုပ်နေကြသော ကလေးတချို့အပေါ်တွင်သာ မှီနေရပေ သည်။

ကျွန်မသည် တစ်နေ့ထက်တစ်နေ့ ကလေးငယ်လေးများ၏ ဘဝကို စိတ်ဝင်စားလာလေသည်။ ကလေးဘဝ၏ အရေးကြီးဆုံး အချက်မှာ ကလေးဘဝ အစလေးပင် ဖြစ်သည်။ ကလေး၏ဘဝသည် နည်းလမ်းမှန်ကန်ကျနစွာ စတင်ရပေလိမ့်မည်။

■

mgyoe.com

mgyoe.com

# အခန်း [ ၃ ]
# စမ်းသပ်ခြင်း

ကျွန်မသည် မီးရထားလမ်းများ၊ ဘူတာရုံများ ပြုလုပ်ကစားနေသည့် ကလေး၏အကြောင်းကို တွေးတောရင်း ကျွန်မ၏မျက်စိထဲတွင် တကယ် လောကအတွင်းရှိ အရာဝတ္ထု အသုံးအဆောင်များကို ကလေးငယ်တို့ လွယ်လင့်တကူ မြင်နိုင်၊ သုံးစွဲနိုင်အောင် အသေးစားလေးများ ပြုလုပ်၍ စက်ရုံလေးများ၊ လမ်းလေးများ မြို့ကလေးနှင့် တိုက်တာကလေး များ၊ ဘူတာရုံလေးများနှင့် မီးရထားလေးများတို့နှင့် ပြည့်စုံသော ကလေးလောကတစ်ခု မြင်ယောင်နေမိသည်။ ကစားခြင်းဟူသော ကျွန်မတို့ မှားယွင်းစွာ နားလည်ခဲ့သည့် နည်းလမ်းဖြင့် ကလေးတို့၏ စွမ်းရည်နှင့် ကြိုးပမ်းလုပ်ကိုင်မှုကို အရင်းတည်လျက် လူ့လောက အသေးစားလေးတစ်ခု၊ လူကြီးလောကနှင့်မခြား ပြုလုပ်လျက် ကလေး တို့သည် လောကပညာရပ်များကို သင်ကြားပေးနိုင်ပေသည်။ ထိုသို့ လူကြီးလောကတွင် ရွယ်တူလူကြီးများ တစ်ဦးနှင့်တစ်ဦး ဆက်ဆံ ပေါင်းသင်း ပူးတွဲလုပ်ကိုင်ကြသကဲ့သို့ ကလေးများလည်း သူတို့အရွယ်၊ သူတို့ အဆင့်အတန်းတူချင်း ပေါင်းသင်းဆက်ဆံ၊ ပူးတွဲ ဆောင်ရွက် ခြင်းဖြင့် ပစ္စည်းအသုံးအဆောင်နှင့်ပတ်သက်သည့် ပညာများသာမက

mgyoe.com

mgyoe.com


တစ်ဦးနှင့်တစ်ဦး လူကြီးလောကမှာကဲ့သို့ ကိုယ်စီကိုယ်င ကွဲလွဲသီးခြားသော အယူအဆ၊ အတွေးအခေါ်များအကြားတွင် ပေါင်းသင်းဆက်ဆံရေးကို နားလည်နိုင်ကြပေသည်။

ကလေးများအား လူတို့၏ ပူးပေါင်းကြိုးပမ်းမှုကို ဤသို့သင်ကြားပေးရသည်။ သမားရိုးကျ ကျောင်းတစ်ကျောင်းတွင် ဝိုင်း၍ ငြိမ်သက်စွာ ထိုင်ခိုင်းခြင်းထက် များစွာပင် ခက်ခဲသည် မှန်ပါသည်။ အကယ်၍ ထိုကျောင်းမျိုးရှိ ဆရာတစ်ဦးအား ကျွန်မက ကလေးများကို ဤသို့ သူတို့ စိတ်ကြိုက်အတိုင်း လွှတ်ထားသင့်သည်ဟု ပြောလိုက်ပါက ထိုဆရာမှာ ရူးကောင်း ရူးသွားပေလိမ့်မည်။ သို့သော် ကျွန်မအတွက် ကလေးတွေကို ချုပ်ချယ်ထားခြင်းသည် ရာဇဝတ်မှုကြီးတစ်ခုဖြစ်ပေသည်။ ကျွန်မသည် ပညာရေးစနစ်ဟောင်းကြီးကို မယုံကြည်ပါ။ ကလေးများကို ယုံကြည်ပါသည်။

ကျွန်မ၏ အကြံအစည်မှာ ရှင်းရှင်းနှင့် ရိုးရိုးလေးပင် ဖြစ်ပါသည်။ အတော်အတန် ကျယ်ဝန်းသော အခန်းတစ်ခု၊ ကစားရန်အတွက် အခြေခံပစ္စည်းများနှင့် ထိုအရာများကို စုပေါင်းကစားမည့် ကလေးများသာ လိုပါသည်။ ထိုအရာများမှ အခြေပြုလျက် ကလေးများအတွက် ကျောင်းတစ်ကျောင်းကို တည်ထောင်နိုင်လိမ့်မည်ဟု ကျွန်မ ထင်သည်။

ကျွန်မ လိုအပ်သော ပစ္စည်းများမှာ ခပ်ရိုးရိုးပင် ဖြစ်သော်လည်း ကျွန်မသည် စိတ်တိုင်းကျဖြစ်ရန် ၁၉၀၃ ခု နွေဦးရာသီအထိ စောင့်ဆိုင်းခဲ့ရသည်။ ကျွန်မ၏ သူငယ်ချင်းတစ်ဦးက ကျွန်မသုံးစွဲရန် အသေးအဖွဲများအတွက် ငွေကြေးအနည်းငယ် ထောက်ပံ့ပါသည်။ ကျွန်မက နေရာတစ်ခုသာရှာရန် ဖြစ်သည်။

ကျွန်မသည် မစ္စမေမက်သယူးထံသွား၍ ကျွန်မ၏ အလိုဆန္ဒ

mgyoe.com

mgyoe.com

များကို ရှင်းလင်းပြောပြသည်။ ကျွန်မ အလိုရှိသည်မှာ အခန်းကျယ် တစ်ခုသာဖြစ်ကြောင်း၊ ပစ္စည်းများနှင့် ကလေးများကို ကျွန်မရအောင် ရှာဖွေနိုင်ကြောင်း ပြောပြပါသည်။ သူသည် ကျွန်မ၏အကြံကို သဘောတူလျက် ကျွန်မအား အခန်းကျယ်ကြီးတစ်ခုကို ပေးပါသည်။ သို့သော် နေ့တိုင်းနေ့တိုင်း ကိစ္စပြီးစီးလျှင် ထိုပစ္စည်းများကို သိမ်းဆည်းသွားရန် စည်းကမ်းချက်မှာလည်း ကျွန်မအတွက် သေရေးရှင်ရေး တမျှ အရေးကြီးနေပြန်တော့သည်။ ကစားရာတွင် ကောင်းမွန် ကြီးကျယ်သော စိမ်ကိန်းတစ်ခုနှင့် ကစားစရာများကို တည်ဆောက်ကစားသောအခါတွင် ဤသို့သော နေကုန်လျှင်ဖျက်၊ နောက်တစ်နေ့ အစက ပြန်လုပ်နေရလျှင် အဘယ်မှာလျှင် စိတ်တိုင်းကျ အောင်မြင်စွာ ကစားနိုင်ကြပါတော့မည်နည်း။ သို့သော် သူ အတွက်မှာလည်း မတတ်နိုင်။ ထိုသို့ မဟုတ်လျှင်လည်း ခန်းမကြီးတစ်ခုလုံးကို မပေးထားနိုင်ပေ။

လုံးလုံး မရသည်ထက် အနည်းငယ်ရသည်က တော်သေးသည်ဟူသော အတွေးဖြင့် ကျွန်မ စတင် စမ်းသပ်လုပ်ကိုင်ရန် ဆုံးဖြတ်ရတော့သည်။ ကျွန်မ ပြုလုပ်ရန် ရည်ရွယ်ထားသော အရာများ၊ ကျွန်မ စိတ်ထဲတွင် ပြည့်နှက်နေရကား ၎င်းတို့ကို လက်တွေ့ လုပ်ကိုင်ရေး အတွက် ရသမျှသော အခွင့်အရေးကို ယူရပေတော့မည်။

ထိုသို့ စည်းကမ်းချက်များနှင့်ပင် အခန်းကို ကျွန်မ လက်ခံခဲ့သည်။ ကျွန်မ၏ အကြံအစည် နောက်တစ်ချက်မှာ ပစ္စည်းအရာဝတ္ထုများ စုဆောင်းရန် ဖြစ်သည်။ ခဲတံရောင်စုံများ၊ စက္ကူများ၊ ကပ်ကြေးများနှင့် ကော်များကိုကား မုချရှာဖွေရပေမည်။

ကျွန်မသည် ပစ္စည်းရှာဖွေရာတွင် ပျော့ပျောင်း၍ ကလေးများ အလွယ်တကူ စိတ်ထင်သလို ပြုလုပ် ကိုင်နိုင်သော အရာဝတ္ထုများကို ဂရုထား ရှာဖွေသည်။ သို့မှသာ သူတို့သည် အကူအညီ အထိန်းအအုပ်

mgyoe.com

mgyoe.com



နည်းပါးနိုင်သမျှ နည်းပါးစွာနှင့် လုပ်ကိုင်ကြပေမည်။ ကျွန်မသည် သူတို့အား လောကတစ်ခု ဆောက်တည်စေလိုသည်။ သူတို့ ကိုယ်တိုင် မပါဝင်ဘဲ ဘေးမှ ထိုင်ကြည့်နေရသည့် လူကြီးလောကမျိုး၊ သူတို့ ဉာဏ် ပညာဗဟုသုတ အဆင့်အတန်းနှင့်အညီ လူလောက အသေးစား လေးတစ်ခု သူတို့ကိုယ်တိုင် ဆောက်တည်စေလိုသည်။

ကျွန်မ သိသည်။ ကလေးများသည် ဤသို့ ပြုလုပ်ရန် များစွာ စိတ်အားထက်သန်သည်။ အခွင့်ရတိုင်းလည်း သူတို့ ရသမျှ ပစ္စည်းများ နှင့် ပြုလုပ်တတ်သည်။ သူတို့သည် ထမင်းစားခန်း၊ ကုလားထိုင်များကို ဆက်လျက် မီးရထား ပြုလုပ်ကစားတတ်ကြသည်။ ကမ်းနားသဲပြင် များတွင် အိမ်ဆောက်တတ်ကြသည်။ သဲရွှံ့ စသည်များနှင့် မုန့် ပြုလုပ် လေ့ရှိသည်။ ငါးသေတ္တာလွတ်များတွင် ကျောက်ခဲများထည့်၍ ကြိုးနှင့် ဆွဲကာ ကုန်တင်လော်လီလုပ်ကြသည်။

ကလေးကစားစရာများတွင် သစ်သားတုံးလေးများသည် ကလေး များအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသို့ သာမည ပုံသဏ္ဍာန်နှင့် သစ်သားတုံးလေးများမှ ကလေးများ ပြုလုပ် လိုသော အရာဝတ္ထုပေါင်း များစွာ ဖြစ်ပေါ်လာနိုင်သည်။ လော်လီကား တစ်စီး ဖြစ်ပေါ်လာနိုင်သည်။ လှေတစ်ခုသော်လည်းကောင်း၊ မော်တော် ကားတစ်စီးသော်လည်းကောင်း၊ မီးရထားသော်လည်းကောင်း ပြုလုပ် နိုင်ကြသည်။ အိမ်ဆောက်ရာတွင်လည်း ဤ သစ်သားတုံးလေးများ နှင့်ပင် တစ်ထပ်အိမ်လေးမှ တိုက်မြင့်ကြီးအထိ ဆောက်လုပ်နိုင်သည်။ ကလေးများသည် သစ်သားတုံးလေးများနှင့် မြို့ကြီးတစ်မြို့ ဆောက် လုပ်ကစားနေသည်ကို ကျောင်းမတည်ခင်ကပင် ကျွန်မ မြင်ယောင်နေ မိတော့သည်။

သို့သော် ဤသို့ဖြစ်နိုင်ပါမည်လား သူတို့အတွက် လိုနေသေး

mgyoe.com

mgyoe.com


သော အရာများ ရှိသေးသည်။ ထိုအရာများကား ဗဟုသုတ၊ အကြား အမြင် ဖြစ်ပေသည်။ ယခင်ဆိုခဲ့သည့် မီးရထားလမ်းနှင့် ဘူတာရုံ မီးရထားများ တည်ဆောက်ကစားနေသော ကလေးသည် အပြင် လောကရှိ ဘူတာရုံ မီးရထား စသည်များကို ရောက်ရှိ မြင်တွေ့ မှတ် သားခဲ့ရပြီး အိမ်ပြန်ရောက်သောအခါ အမြော်အမြင်ရှိသော မိဘများ ၏ အခွင့်အရေးပေးထားချက်အရ သူ မှတ်သားခဲ့သည့် အကြားအမြင် တို့ကို ပြန်လည်၍ ကျေညက်စွာ မှတ်သားနိုင်သည်။ သူ့စိတ်ထဲ စွဲ အောင် အပြန်ပြန်၊ အလှန်လှန် ပြုလုပ်နိုင်သည်။ လူ့လောကတစ်ခုကို သူ ကိုင်တွယ်သုံးစွဲ ကြည့်နိုင်လောက်သော အရွယ်တစ်ခုသို့ ပြောင်းလဲ နိုင်ခဲ့သည်။ သူ ဤသို့ စိတ်တိုင်းကျပြုလုပ်ရာတွင် လိုအပ်သော မည် သည့်ပစ္စည်းကိုမဆို ယူနိုင်ခွင့်ကို မိဘများက ပေးထားသည်။ ထို ကလေးသည် သူ အလွန်စိတ်ဝင်စားသော လောကအစိတ်အပိုင်းတစ်ခု ကို သူကိုယ်တိုင် ပြန်လည်တည်ဆောက်နေခဲ့သည်။

ကျွန်မတို့သည် စကားပြောခြင်းနှင့် လမ်းလျှောက်ခြင်းတို့ကို စမ်းသပ်ခြင်းဖြင့် သင်ကြားလာရသကဲ့သို့ သူသည်လည်း ပညာရေး နယ်ပယ်သစ်များအတွင်းသို့ သူ့နည်းနှင့်သူ စမ်းသပ်၍ ခရီးနှင်နေ သည်။ သူသည် လောကအကြောင်းကို လေ့လာနေသည်။ စဉ်းစားနေ သည်၊ အကြောင်းအကျိုးများ ရှာဖွေသည်၊ လက်ခံသည်ကို လက်ခံ၍ ဖယ်ပစ်တန်သည်ကို ဖယ်ပစ်လိုက်သည်။ အရာဝတ္ထု အချက်အလက် တို့ကို စုပေါင်း၍ သူ၏လောကလေးကို လှုပ်ရှားနေစေသည်။

ကလေးများတွင် လူကြီးများ ထင်မြင်ယူဆသည်ထက် ပိုမို၍ အကြားအမြင်၊ ဗဟုသုတများ ရှိလေသည်။ အကြားအမြင်၊ ဗဟုသုတ ဆိုရာဝယ် စာအုပ်များကို ဖတ်ပြခြင်းဖြင့် လည်းကောင်း၊ ပုံဝတ္ထု ဒဏ္ဍာရီလေးများ ပြောပြ၍လည်းကောင်း ရရှိသော အကြားအမြင်ကို

mgyoe.com

mgyoe.com



ကျွန်မ မဆိုလိုချေ။ ထိုသို့သော စာအုပ်များ၊ ပုံပြောသူများ ရရှိသော ဗဟုသုတမှာ သူတို့အတွက် ကြက်တူရွေးလို ပြန်ပြောဆိုတတ်ရုံမျှသာ ရှိလေသည်။ ထိုသို့ သူတို့ကိုယ်တိုင် သဘောပေါက် နားလည်ခြင်းမျိုး မဟုတ်ဘဲ ကြက်တူရွေး ပြောပြခြင်းကို လမ်းမှားလိုက်နေသော လူကြီး လုပ်သူများက ချီးမွမ်းလေ့ရှိကြသည်။ ကျွန်မ ဆိုလိုသည့် ဗဟုသုတ ဆိုသည်မှာကား သူတို့ကိုယ်တိုင် သူတို့၏ စွမ်းရည်ဖြင့် ကြိုးပမ်းရှာဖွေ မှတ်သားရသော ဗဟုသုတကို ဆိုလိုသည်။ တစ်ခါတစ်ရံ ထိုအကြား အမြင်များ သူတို့ခေါင်းထဲ ရောက်နေသည်ကို ကလေးများကိုယ်တိုင် ပင် မသိရှိဘဲ နေတတ်သည်။ သူတို့ အိမ်ထဲတွင် ဖြစ်ပျက်နေသည့် အရာများ၊ လမ်းပေါ်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများ၊ တော ရွာကလေးများအဖို့ လယ်ကွင်းထဲတွင် ဖြစ်ပျက်နေသော အကြောင်း များကို သိရှိနားလည်နေပေသည်။ ဤဗဟုသုတမှ တိုက်ရိုက် သူတို့ ကိုယ်တိုင် ရရှိခဲ့သော ဗဟုသုတဖြစ်၍ သူတို့အဖို့ စိတ်ပါလက်ပါနှင့် မိမိရရ မှတ်သားမိကြလေသည်။ သို့သော် လူကြီးများက ဝတ္ထုစာအုပ် များ ဖတ်ပြခြင်း၊ ပုံပြောခြင်းဖြင့် သူတို့လမ်းကို လွှဲပြောင်းကာ သူတို့ ကိုယ်တိုင် မမြင်ဖူး၊ မသိဖူးသော်လည်း အဖန်ဖန် ကြားသိနေရခြင်း အားဖြင့် ရိုးသွားကာ ထူးထူးခြားခြား လေ့လာလိုစိတ်များ ပျောက်ကွယ် သွားစေတတ်ကြသည်။

ကလေးတွင် မွေးဖွားပြီးခါစကပင် စတင်၍ သူ၏ကိုယ်ပိုင် ပညာရှာဖွေ ဆည်းပူးရေးစနစ်တစ်ခု ပါလာသည်။ ထိုစနစ်နှင့်ပင် သူ၏ ကလေးဘဝတွင် လောက၏ ပညာရပ်များကို အောင်မြင်စွာ ဆည်းပူးနိုင်ခဲ့သည်။ သူ၏ခေါင်းထဲတွင် တစ်ခုနှင့်တစ်ခု ဆက်စပ် လျက်ရှိသော ဗဟုသုတ အတော်များများလေး ရှိနေလေသည်။ သူ့ အတွက် လိုနေသောအရာမှာ သူ၏ စနစ်အတိုင်း ပညာဆက်လက်

mgyoe.com

ရှာဖွေရန် အခွင့်အရေးပင် ဖြစ်လေသည်။

ကလေးတစ်ယောက် ဘယ်လို ဆည်းပူး ရှာဖွေရမည်ဟု သင်ကြားပေးနေရန် မလို။ သူ မွေးဖွားလာကတည်းကပင် သူ့ဘာသာသူ ဆည်းပူးလာခဲ့သည်။ သို့သော် ဤသို့ ဆည်းပူးရာတွင် သူ၏ နည်းလမ်းကိုပင် သူ အသုံးပြုခဲ့သည်။ သူကိုယ်တိုင် ကိုင်တွယ်ကြည့်သည်။ သူ၏ မျက်လုံး၊ နား၊ နှာခေါင်း၊ ကိုယ်လက်အင်္ဂါများကို အသုံးပြု၍ တစ်ဆင့်ခံမဟုတ်ဘဲ တိုက်ရိုက် ဆည်းပူးယူခဲ့သည်။ သူသည် မီးရထား အင်ဂျင်နီယာတစ်ဦးလုပ်ရန်အတွက် ထမင်းစားခန်း ကုလားထိုင်များကို ဆက်၍ စီတန်းခဲ့သည်။ လူကြီးများကဲ့သို့ပင် သူသည် အလံတိုင်ကို ကြည့်သည်။ မီးရထားဥသြ ပေးသည်။ လူများ တက်ဆင်းရန်အတွက် ရပ်ပေးသည်။ ရေ– ကျောက်မီးသွေး စသည်တို့ကို တည့်သည်။ သူတစ်ယောက်တည်းပင် မီးရထားဖြစ်လိုက်၊ စက်မောင်းသူ ဖြစ်လိုက်၊ ဥသြဖြစ်လိုက်နှင့် ရှိနေတော့သည်။ သူ၏ ဗဟုသုတ၊ အကြားအမြင်၊ အတွေ့အကြုံ၊ အဆင့်အတန်းကို အခြေခံထား၍ ကြည့်လိုက်လျှင် သူ ပြုလုပ်နေသည်များမှာ တိကျမှန်ကန်လှ၍ တကယ့် မီးရထားအစစ်ဟုပင် ဆိုရပေမည်။ အကယ်၍ သူသည် မီးရထားကို တကယ်ကိုယ်တိုင် မမြင်တွေ့၊ မစီးနင်းဖူးဘဲ စာအုပ်ထဲမှ ဖတ်ပြသည်ကို ကြား၍လည်းကောင်း၊ ရုပ်ပုံကို မြင်ရ၍ လည်းကောင်း သိရှိခဲ့ရပါမူ အထက်တွင် ဆိုခဲ့သကဲ့သို့ သူကိုယ်တိုင် ဥသြလုပ်လိုက်၊ စက်မောင်းသမားလုပ်လိုက် နေနိုင်မည် မဟုတ်ချေ။ သူ၏ ရထားသည်လည်း တကယ်သွားနေသလို တင်ပြတော့မည် မဟုတ်ချေ။ အကယ်၍ သူသည် ရထားကို စီးဖူးခဲ့ပါလျှင် ရထားများ ဘူတာရုံအတွင်းသို့ ဝင်လာပုံ၊ အလံပြပုံ၊ ရထားကျောက်မီးသွေး ရေစက်များ ထည့်ပုံတို့ကို မြင်တွေ့ခဲ့ရလျှင်ကား သူ့အတွက် သူကိုယ်တိုင် ပါဝင်သော ရထားတစ်စင်းကို ဆောက်တည်

mgyoe.com



နိုင်ပေလိမ့်မည်။ ဤသို့ ကစားရာတွင် သူသည် ဘေးမှ ပွဲကြည့်သမား လေး တစ်ဦးမဟုတ်တော့ပေ။ အလုပ်များနေသော လူကြီးလောက၏ အစိတ်အပိုင်းလေးတစ်ခု ဖြစ်လာလေတော့သည်။ သူ ကြီးပြင်းလာ သည့်အခါတွင် လူကြီးလောကတွင်းရှိ နေရာတစ်နေရာယူနိုင်ရန် စမ်း သပ်လေ့ကျင့်နေခြင်းပင် ဖြစ်ပေသည်။ သူသည် သူ၏ပညာကို ရှာဖွေ ဆည်းပူးနေခြင်း ဖြစ်သည်။

ကျွန်မသည် ဤသို့ ယုံကြည်ချက်ဖြင့် ရှာဖွေရာ ကျွန်မ အကြံ အစည်တွင် ပါဝင်နိုင်မည့် လက်ရွေးစင်ကလေး ခြောက်ဦးကို ရရှိခဲ့ သည်။ သူတို့ကို ကျွန်မ ပြင်ဆင်ထားသည့်နေရာသို့ လာရောက် ကစား ကြရန် ဖိတ်ခေါ်ခဲ့သည်။ ကျွန်မကိုယ်တိုင် လုပ်ထားသော သစ်သားတုံး လေးများ၊ ကျွန်မကိုယ်တိုင် ကြံစည်စီမံ ပြုလုပ်ထားသော ကစားစရာ များကို အဆင်သင့် ထားရှိသည်။ စက္ကူနှင့် ခဲတံရောင်စုံများ၊ ရွှံ့များကို လည်း ရှာဖွေ၍ အဆင်သင့်ကစားနိုင်ရန် ထားရှိသည်။ ထိုအရာဝတ္ထု များကို ကလေးများ မြင်နိုင်ရုံသာမဟုတ်ဘဲ အသုံးပြုလိုက အလွယ် တကူ လှမ်းယူနိုင်ရန် လက်လှမ်းတမီ ထားရသည်။ ဈေးရောင်းသူသည် သူ၏ ဖောက်သည်များ၏ဆန္ဒနှင့်အညီ ရောင်းကုန်များကို စီစဉ်ထား သကဲ့သို့ ကျွန်မလည်း ကျွန်မ၏ ကလေးများအတွက် သူတို့အလိုနှင့် ညီအောင် ပြုပြင်ထားသည်။ သူတို့၏ တိုတောင်းသော လက်ကလေး များကို စဉ်းစားထားသည်။ စုပုံထားသောအရာများလည်း ပြိုလာလျှင် ကြောက်ရွံ့လျက် ရှက်သွား၊ တွန့်သွားတတ်သည့် အချက်ကလေးများ ကိုလည်း ထည့်သွင်းစဉ်းစား ထားသည်။ ထိုသို့ သူတို့ ကိုင်တွယ်ချင် အောင် ပြုပြင်ထားပြီး ကျွန်မသည် ဘေးမှ အသာကြည့်နေ၍ သူတို့ဘာ သာသူတို့ စိတ်တိုင်းကျ ကစားစေသည်။

အစတွင် သူတို့ ဆူကြ၊ ပူကြ၊ ငိုကြသေးသည်။ မာဂျရီလေးက

mgyoe.com

mgyoe.com


ပါးစပ်ထဲ လက်ထည့်၍ ငိုနေသည်။ အဲလစ်(စ်)နှင့် ဂျိုးဇက်တို့ ခဲတံ ရောင်စုံများကို လုယက်နေကြသည်။ မိုက်ကယ်(လ်)ကိုကား သူ ကစား နေ၍ အတော် ခရီးရောက်မှ ကျွန်မ သတိထားမိသည်။

မိုက်ကယ်(လ်)သည် ရောက်ကတည်းကပင် သစ်သားတုံးများ ရှိရာသို့ တောက်လျှောက်သွားပြီး နဂိုအခြေအနေ ဖျက်သိမ်းလိုက်ကာ သူ့စိတ်တိုင်းကျ ပြန်လည် စီစဉ်ချထားလိုက်ဟန်ရှိသည်။ အဘယ် ကြောင့်ဆိုသော် ကျွန်မ သူ့ကို သတိထားမိသောအချိန်တွင် သူသည် သစ်သားတုံးလေးများနှင့် လမ်းအသွယ်သွယ် ဆောက်လုပ်နေသည်။ အိမ်များ၊ မြင်းဇောင်းလေးများကို ဆောက်လုပ်နေလေသည်။ သူ၏ ခေါင်းတွင် စုဆောင်းမိသမျှ အကြားအမြင်များကို အကုန် အသုံးပြု နေလေသည်။

မိုက်ကယ်သည် သူ၏ အလုပ်ထဲတွင် အလွန် စိတ်ဝင်စားနေ သည်။ သူ၏ ဆောက်တည်ရေးလုပ်ငန်းကို ရည်ရွယ်ချက်များ ပြည့်ဝ စွာနှင့် ပြုလုပ်နေသည်။ ဓာတုဗေဒ ဓာတ်စမ်းခန်းတွင် အလုပ်လုပ်နေ သော လောကဓာတ်ဆရာကြီးတစ်ဦးသဖွယ် ဖြစ်နေသည်။ အမှန်အား ဖြင့်လည်း သူ၏ ပညာဉာဏ်အဆင့်အတန်းကို အခြေခံထား၍ စဉ်းစား ကြည့်သူသည် တကယ့် လောကဓာတ်ဆရာကြီးတစ်ဦးပင် ဖြစ်ပေ သည်။ သူသည် သစ်သားတုံးလေးများကို သာမညအားဖြင့် တွန်းနေ ခြင်းမဟုတ်၊ သစ်သားတုံးလေးများနှင့် အဘယ်အရာများကို လုပ်နိုင် မည်ဟု သာမည သင်ကြားနေခြင်းမဟုတ်၊ စင်စစ်အားဖြင့် သစ်သား တုံးလေးများ၏ အကူအညီဖြင့် လောကရှိ အရာဝတ္ထုများ တစ်ခုနှင့် တစ်ခု မည်သို့မည်ပုံ ဆက်စပ်နေပုံ၊ အဘယ်ကြောင့် ဆက်စပ်နေသည် တို့ကို လေ့လာစဉ်းစားနေခြင်း ဖြစ်သည်။ သဘော်ပေါ်မှ ကုန်များကို ကားနှင့်သယ်တင်၍ ကုန်ရုံများသို့ ပို့ခြင်း စသည်တို့ကို ပြုလုပ်၍

mgyoe.com

mgyoe.com



ထိုသို့ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သူ၏ထင်မြင်ချက်ကို ချမှတ်လိုက်သည်။ သူသည် စဉ်းစားထင်မြင်မှုပညာကို ရယူဆည်းပူးနေခြင်းဖြစ်သည်။

များမကြာမီပင် မိုက်ကယ်(လ်) ကစားရာသို့ ရောက်လာကြသည်။ ဂျိုးဇက်က မိုက်ကယ်(လ်)၏ လမ်းဘေးတွင် အိမ်တစ်ဆောင်လာရောက် ဆောက်လုပ်ပေးသည်။ စောစောက အဲလစ်နှင့် ခဲတံလုနေသော သူကလေးပင် ယခု မိုက်ကယ်(လ်)၏ မော်တော် လော်လီမောင်းရန် သစ်သားစက်မောင်းသမားလေးတစ်ခု စေတနာ့ဝန်ထမ်းပြုလုပ်၍ပေးလာသည်။ မာဂျရီလေးလည်း ငိုမနေတော့ဘဲ သူ့အတွက် ကစားစရာလေးတစ်ခု ဖန်တီးနေသည်။ ကြမ်းပြင်ပေါ်တွင် နေရာအနှံ့အပြား၌ အဆောက်အအုံ အမျိုးမျိုးပေါ်ပေါက်လာလေတော့သည်။ တချို့ကလေးများက ခဲတံရောင်စုံနှင့် ရွှံ့စေးများကို ပိုမို သဘောကျနေကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့အားလုံးသည် အလုပ်များနေကြပေသည်။ ခိုက်ရန်ဖြစ်ခြင်း မရှိတော့ပေ။ လက်ငင်းအလုပ်တွင် အလွန်စိတ်ဝင်စားနေရကား အခြားမည်သည့်အရာမျှ မလုပ်တော့ပေ။

သူတို့ခေါင်းထဲတွင် မှတ်သားထားသမျှ ကုန်သွားသောအခါအလုပ်နည်းပါးလာကြသည်။ ထိုအခါ ကျွန်မတို့သည် နေရာလွတ်တစ်နေရာတွင် ဝိုင်းထိုင်ကြ၍ ဟိုအကြောင်း၊ သည်အကြောင်း ရောက်တတ်ရာရာ လျှောက်ပြောကြသည်။ ထိုသို့ လျှောက်ပြောရင်း သူတို့မေ့နေသည့် အကြောင်းအရာများ ဖြစ်ပေါ်လာတတ်သည်။ သို့မဟုတ်ကျွန်မတို့သည် လမ်းထွက်လျှောက်၍ ကျွန်မတို့ ပတ်ဝန်းကျင်ရှိ စိတ်ဝင်စားစရာ နေ့တိုင်းဖြစ်စဉ်များကို ရှာဖွေကြသည်။

သူတို့ခြောက်ဦးသည် ကျွန်မကို များစွာ သင်ကြားပေးခဲ့ကြသည်။ ကျွန်မ သူတို့ကို ကျေးဇူးတင်မဆုံးနိုင်တော့ပေ။ တိုတောင်းလှသော နှစ်လအတွင်းတွင် ကျွန်မသည် ကျွန်မ၏ စိတ်ကူးသဘော

mgyoe.com

mgyoe.com


ကို လက်တွေ့ သဘောနှင့်ယှဉ်၍ စမ်းသပ်ခဲ့ရသည်။ အားလပ်ခွင့်ပင် မရခဲ့ပေ။ ကလေးများ၏ ကစားခြင်းမှာ ပညာသင်ကြားခြင်းပင် ဖြစ်သည်ဟူသော အချက်၏ မှန်ကန်ခြင်းသည် ပိုမို ထင်ရှားလာခဲ့သည်။

အခြား အဖိုးတန်သော အခြေခံ သဘောမှန်ကလေးများကိုလည်း သိရှိခဲ့ရသည်။ တစ်ဆင့်ခံပညာသည် ကလေးများအတွက် လုံးဝ အသုံးမဝင်သော ပညာဖြစ်ပေသည်။ ကလေးများနှင့် အချိန်အများဆုံး နေကြသူများဖြစ်သော မိခင်များသည် ဤသင်ခန်းစာကို နှလုံးတွင် စွဲမြဲစွာ ပိုက်ထားသင့်ပေသည်။

ကျွန်မ၏ ဆရာလေးခြောက်ဦးသည် အချိန်ကာလအားဖြင့် နှစ်လအတွင်းမှာပင် ကျွန်မအား သင်ကြားပေးခဲ့သည့် အရာကား သူတို့သိလိုသည့် အကြောင်းအရာတစ်ခုကို စာအုပ်ထဲမှ ဖတ်ပြခြင်းထက် ပိုမို ခရီးရောက် အဖိုးတန်သော နည်းလမ်းရှိသည့် အကြောင်းပင် ဖြစ်သည်။ သူတို့ တစ်စုံတစ်ရာနှင့် ပတ်သက်၍ သိလိုသောအခါ ထိုအရာရှိရာသို့ သူတို့အား ခေါ်ဆောင်သွား၍ သူတို့ကိုယ်တိုင် ကြည့်ရှုမှတ်သားစေခြင်းပင် ဖြစ်ပေသည်။ နောင်တွင် ကျွန်မ၏ ကျောင်းတည်ထောင်ခဲ့ပြီးသောအခါ၌ကား ဤသို့ ပညာရှာရန်အတွက် ခရီးထွက်ခြင်းသည် လုပ်ငန်း၏ အရေးကြီးသောအချက်တစ်ခုဖြစ်လာလေသည်။ ၇ နှစ်သားလေးတစ်ဦးက ဂေါ်ဖီထုပ်များကို ဈေးသို့ ကားနှင့်ယူလာရာ အဘယ်နေရာမှ ယူလာသည်ကို သိချင်ကြောင်းပြောလာရာတွင် ကျွန်မ သူတို့အား ဂေါ်ဖီခြံထဲသို့ ခေါ်သွားခြင်းဖြင့် အံ့သြဖွယ်ကောင်းလောက်အောင် လွယ်ကူ ထိရောက်သောအခြေကို ပေးနိုင်ခဲ့ပေသည်။

ထိုသို့ စမ်းသပ်ပြုလုပ်နေသည့် နှစ်လအတွင်း၌ကား ကျွန်မတို့သည် ဝေးဝေးလံလံ မသွားနိုင်ကြပေ။ လေးငါးနှစ်သားလေးများအတွက်လည်း ဝေးလံစွာ သွားရောက်ရန် မလိုလှချေ။ သူတို့၏ ပညာ

mgyoe.com

mgyoe.com



နယ်ပယ်မှာ အိမ်နားတစ်ဝိုက်ထက် ပိုမို မကျယ်ဝန်းလှသေးပေ။ သို့သော် အခြေခံသဘောကား မှန်ကန်ကြောင်း ထင်ရှားလာခဲ့လေသည်။ ကျွန်မ စွဲမြဲစွာယုံကြည်ခဲ့သည့်အတိုင်း ကလေးကို ကစားခြင်းဖြင့် ပညာသင်စေမည်ဆိုပါက ကလေးသည် သူ၏ ကိုယ်ပိုင်စိတ်ပါဝင်စားမှု၊ ပင်ကိုထိုးထွင်းသိမြင်ဉာဏ် အသုံးပြုမှုတို့ဖြင့် ပညာကို သူ၏နားနှင့်လည်းကောင်း၊ သူတို့၏ မျက်စိဖြင့် လည်းကောင်း တိုက်ရိုက်ဆည်းပူး ယူနိုင်ချိမ့်မည်။ သူ သိလိုသည့်အရာများကို မေးခွန်းထုတ်ကြည့်မည်။ သူ၏စွမ်းရည်ရှိသလောက် အသုံးပြုလျက် အဖြေကိုလည်း ရှာဖွေပေလိမ့်မည်။ ဆရာ သို့မဟုတ်၊ မိဘ သို့မဟုတ် ကရုဏာရှိသော လူကြီးများက သူတို့၏ပညာဆည်းပူးခြင်း သုတေသနလုပ်ငန်းများတွင် အားပေးခြင်း အကူအညီလိုသလိုပေးခြင်းတို့ကို ပြုလုပ်နိုင်ပေသည်။ သို့ရာတွင် အခြေခံသင်ကြားလိုစိတ်ကား ကလေးထံမှပင် ဖြစ်ပေါ်လာရပေလိမ့်မည်။

တကယ်နားလည်သော မိခင်တစ်ဦးသည် မိမိ၏ ကလေးသည် ဘောလုံးကို လိုချင်ကြောင်း သိရှိသာမက ကလေးကိုယ်တိုင် သွားယူစေရမည်ဖြစ်ကြောင်းကိုပါ သိရှိလေသည်။ ကလေးကို အားပေးရန်လိုသောအခါတွင် အားပေးလျက် ကလေးသည် မအောင်မြင်မှုများအဖန်ဖန် တွေ့နေသည့်အခါတွင် မသိမသာနှစ်သိမ့်ပေးရပေမည်။ သို့သော် ကလေးအားသာလျှင် ပြုလုပ်စေရမည်။ သူကိုယ်တိုင် စဉ်းစားကြံစည်စေရပေလိမ့်မည်။ ဤနည်းနှင့်ပင် သူသည် လမ်းလျှောက်တတ်ခဲ့သည်။ စကားပြောတတ်ခဲ့သည်။ ဤနည်းသည် သူ့အတွက် ပညာဆည်းပူးရန် အမှန်ကန် အသင့်တော်ဆုံးနည်းလမ်းတစ်ခုပင် ဖြစ်ပေသည်။

ကလေးများကိုယ်တိုင် လက်တွေ့ သိရှိရမည့်နေရာတွင် ကျွန်မဝင်ရောက်၍ သူတို့အတွက် မလုပ်ကိုင်ပေးနိုင်သည့်နည်းတူ သူတို့၏ပေါင်းသင်းဆက်ဆံရေးတွင်လည်း ကျွန်မ ဝင်ရောက်၍ သူတို့အတွက်

mgyoe.com

mgyoe.com

မပြုလုပ်ပေးနိုင်ချေ။ ကျွန်မ၏ ဆရာလေး ခြောက်ဦးသည် ကျွန်မအား "ကလေးများသည် ကစားခြင်းဖြင့် ပညာရယူနိုင်ကြောင်း"ကိုသာလျှင် သင်ကြားပေးသည် မဟုတ်ပေ။ ကလေးများသည် လူကြီးနှင့် ကင်းနိုင်သမျှ ကင်းနေသောအချိန်တွင် တစ်ဦးနှင့်တစ်ဦး ပူးပေါင်း၍ စိတ်ညီလက်ညီ အလုပ်လုပ်တတ်ကြောင်းကိုလည်း သိရှိစေခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်မသည် ထိုကလေးခြောက်ဦးအား ကျောင်းများ၊ အိမ်များမှာကဲ့သို့ စည်းစနစ်ကြီးများနှင့် မချုပ်ချယ်ထားဘဲ သူတို့ ထင်သလို လွတ်လပ်စွာ နေစေသည်။ သူတို့ အချင်းချင်း သတ်ပုတ်လိုက သတ်ပုတ်နိုင်သည်။ အလွန်အကျွံ အပျက်အစီး မဖြစ်စေရန်သာ ကျွန်မက ဘေးမှ စောင့်ရှောက်နေခဲ့သည်။ ဂျိုးဇက်သည် အခြားကလေးတစ်ယောက်ထံမှ သစ်သားတုံးလေးများကို လုယူခြင်းဖြင့် မရနိုင်ကြောင်း၊ ရန်ပွဲသာဖြစ်နိုင်ကြောင်း သိရှိလာသောအခါ ဤသို့ မလုယူတော့ပေ။ မာဂျရီလေးလည်း ငိုနေခြင်းဖြင့် သူလိုချင်သောအရာတစ်ခုကို မရနိုင်ကြောင်း သိသောအခါ သူ့ဘာသာသူ ထ၍ သွားယူလေတော့သည်။ ဂျွန်အတွက်မူကား ပြဿနာတစ်ရပ်တစ်ခု ဖြစ်နေသည်။ သူသည် တစ်ဦးတည်း နေတတ်သည်။ တစ်ယောက်တည်းနေရခြင်းကို လွန်စွာ သဘောကျနေသည်။ အခြားကလေးများ၏ အကြားတွင် သွားလာနေသော်လည်း ကလေးများအား လည်းကောင်း၊ ကျွန်မအား လည်းကောင်း စကားတစ်ခွန်းမျှ မပြောဘဲ သူ့စီမံကိန်းများကိုသာ သူတစ်ဦးတည်း လုပ်ကိုင်နေသည်။ သို့ရာတွင် ဤသို့ တစ်ဦးတည်းနေခြင်းသည် သဘာဝမကျလှချေ။ ကလေးများသည် တစ်ဦးတည်း၊ တစ်ကိုယ်တည်းနေခြင်း၏ ဆန့်ကျင်ဘက်သမားများ ဖြစ်သည်။ သို့သော် ဂျွန် ပုန်းအောင်းနေသောနံရံကို ဖောက်၍ ကြည့်ရန် ကျွန်မအတွက် တိုတောင်းလှသော နှစ်လတာမျှအတွင်း လုံ

mgyoe.com

mgyoe.com



လောက်သောအချိန်ကို မရခဲ့ပေ။ သို့သော်လည်း ဂျွန်သည် သူ၏ အဆောက်အအုံလေးကို အခန်းထောင့်မှ ရွေ့၍ အဲလစ်(စ်)အနီးတွင် လာချထားသောအခါတွင်ကား ကျွန်မအတွက် အောင်မြင်မှုတစ်ရပ်ဟု ယူဆခဲ့ရတော့သည်။

ဂျွန်ကဲ့သို့သော ကလေးများကို ပြုပြင်ရန် နည်းလမ်းများစွာပင် ရှိပေသည်။ အချိန်လည်း ရှိပေသည်။ ထိုပြဿနာမျိုးသာမက အခြား ပြဿနာများလည်း ရှိသေးသည်။ အမည်မဖော်နိုင်သော ကြောက်ရွံ့ခြင်း စသည်များပင် ဖြစ်လေသည်။

ဤသို့ ကျွန်မ၏ စမ်းသပ်မှု ပြီးမြောက်သွားသောအခါတွင် ကျွန်မသည် အတော်ပင် ကျေနပ်ခဲ့လေသည်။ အနည်းဆုံးအားဖြင့် ကျွန်မသည် လမ်းမှန်သို့ ခရီးစတင် ထွက်ခဲ့မိလေပြီ။

ဤသို့သော ကျောင်းမျိုး တည်ထောင်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများကို ကြိုတင် သိရှိထားခဲ့ပါသည်။ ကျောင်းသားမိဘများက စိတ်ချချင်မှ စိတ်ချနိုင်မည်။ သူတို့၏ ကလေးများကို ပညာရေး စနစ် စမ်းသပ်ခံရာတွင် အစမ်းသပ် ပစ္စည်းလေးအဖြစ် အသုံးပြုခွင့် ပေးရန်ကို ချီတုံချတုံ စဉ်းစားကြပေလိမ့်မည်။ စွဲစွဲမြဲမြဲ တည်တံ့ခဲ့သော သမားရိုးကျ စနစ်တစ်ခုကို အခြားစနစ်သစ်တစ်ခုနှင့် အပြောင်းအလဲ လုပ်ရာတွင် မုချ အခက်အခဲ တွေ့ရပေမည်။ ထို့ပြင် ကြိုမမြင်စွမ်းနိုင်သော အခက်အခဲများပင် ရှိသေးသည်။

ကျောင်းကို စတင်ရန်မှာ အလွန် အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်ပေသည်။ သို့သော် အောင်မြင်မှု အရသာလေးကို အနည်းငယ် ခံစားရပြီဖြစ်သော ကျွန်မအတွက် အောင်မြင်မှုကြီး၏ အရသာကို ခံစားရန်အတွက် အချိန်ကြာမြင့်စွာ မစောင့်စားနိုင်တော့ပေ။

■

mgyoe.com

mgyoe.com

## အခန်း [ ၄ ]
## ကျောင်း စတင်တည်ထောင်ခြင်း

ကျွန်မ၏ သူငယ်ချင်း အက်(ဒ်)နာစမစ်(သ်)သည် နှစ်လ စမ်းသပ်မှု တုန်းကလည်း ငွေကြေးနှင့် ကူညီခဲ့သည်။ ယခုလည်း တစ်ဖန် ကျွန်မ အား ကူညီပြန်သည်။ သူက တစ်နှစ်အတွက် ငွေကြေး ထောက်ပံ့မည့် အကြောင်း ပြောသည်။ ကျွန်မသည် အမျိုးသမီး ကူးသန်းရောင်း ဝယ်ရေး အစည်းအရုံးအလုပ်များ လုပ်စဉ်က အက်(ဒ်) နာကို သိကျွမ်း ခဲ့ရလေသည်။ အများအကျိုးအတွက် သယ်ပိုးဆောင်ရွက်လိုသော သူ၏ဆန္ဒသည် သူ့အား ကလေး၏ အခွင့်အရေးအတွက် ရှေ့ဆောင် ရှေ့ရွက်ပြုမည့် ဝတ်လုံတော်ရတစ်ဦးဖြစ်စေသည်။ သူ ထုတ်ပေးမည့် ငွေကြေးမှာ ကျောင်းအတွက် ကောင်းစွာလုံလောက်သဖြင့် ကျွန်မ နေထိုင်ရေးအတွက် ငွေအနည်းငယ်သာ ကျွန်မ ချေးယူရသည်။

နောင်အခါတွင်သာ ကျွန်မတို့၏ အဆင့်အတန်းများသည် အလွန် မြင့်လာခဲ့သည်။ စတင်လုပ်ကိုင်စဉ်အခါကမူ ရှေ့တွင် အဘယ် အရာများ ဖြစ်ပေါ်လာမည်ကို မမျှော်မှန်းနိုင်။ စောင့်စား၍လည်း မျှော်မှန်းမနေဘဲ ကျွန်မတို့ လုပ်ဖွယ်ရာရှိသည်များကိုသာ လုပ်လာခဲ့ ကြသည်။ ကျွန်မ၏ကျောင်းကို စတင်တည်ထောင်စဉ်အခါက နောင်

mgyoe.com

mgyoe.com


နှစ်ပေါင်း ၃၀ မျှကြာသောအခါ ဤကျောင်းသည် လူတစ်စု ဂုဏ်ယူဖွယ်ရာ ကျွန်မ မျှော်လင့်သည်ထက် ပိုမိုထူးခြား အဖိုးတန်သည့် ပညာသင်ဌာနတစ်ခု ဖြစ်လာလိမ့်မည်ဟု မထင်မှတ် ခဲ့ချေ။ နှစ်လစမ်းသပ်မှုကို အပူတပြင်း ကြိုးပမ်းပြုလုပ်ခဲ့ပြီး ယခု ကျွန်မအတွက် ဝမ်းမြောက်ဖွယ်ရာ ကောင်းလှသော တစ်နှစ်ဟူသောအချိန်ကို ရခဲ့ပြန်လေရာ ငွေကြေးထက် ရည်ရွယ်ချက် အောင်မြင်မှုကို မျှော်လင့်ခြင်းဖြင့် ၁၉၁၄ ခုနှစ် မိုးရာသီအတွင်း ၄ လမ်းနှင့် ၁၂ လမ်းထောင့်တွင် အခန်းသုံးခန်းရှိကျောင်းတစ်ကျောင်းကို စတင် စမ်းသပ်ဖွင့်ခဲ့ပြန်သည်။

ကျောင်းအနီးတစ်ဝိုက်သို့ တစ်ဖန် ထွက်၍ ကလေးများ ရှာဖွေရပြန်သည်။ ကလေး မြောက်မြားများနှင့် တွေ့နေရစေကာမူ ကျွန်မအတွက် သူတို့ကို ကောင်းစွာ မှတ်မိနိုင်ရန် မခဲယဉ်းလှပေ။ ကျောင်းစတင်ဖွင့်စ အလွန်အရေးကြီးသောအချိန်က ကျွန်မနှင့်အတူ ပူးတွဲကြိုးပမ်းခဲ့သော ကလေးများကား နောင်နှစ်များတွင် ကျွန်မနှင့် အတူပင် ရွှင်လန်းဝမ်းမြောက်စွာ နေခဲ့ကြသည်။ သူတို့၏ မိဘများ၊ အိမ်များသည်လည်း ကျွန်မကျောင်း၏ တစ်စိတ်တစ်ဒေသ ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏ကျောင်းတွင် ကလေးများကို တစ်ကိုယ်လုံး အစစ်အမှန်အားဖြင့် တွေ့နိုင်သည်။ သမားရိုးကျ ကျောင်းများမှာကဲ့သို့ သေချာသပ်ရပ်စွာ ပြုပြင်ကာကွယ်ထားသည့် မျက်နှာလေး တစ်ခုတည်းသာ ပါလာသည့် ကျောင်းသားများမဟုတ်ပေ။ ကျောင်းသည်ပင် သူတို့၏အိမ်၊ အိမ်သည်ပင် သူတို့၏ကျောင်း ဖြစ်၍နေလေသည်။

ကျောင်းဆိုသည်မှာ နေရာတိုင်းတွင်ပင် ရှိလေသည်။ နေရာတိုင်းတွင် ရှာဖွေတွေ့ရှိနိုင်သည်။ သို့သော် ပတ်ဝန်းကျင်လောကနှင့် ဝေးကွာနေသည်။ သမားရိုးကျကျောင်းကိုကား မဆိုလိုပါ။ သမား

mgyoe.com

mgyoe.com

ရိုးကျကျောင်းတွင် သဘာဝအားဖြင့် အမျိုးမျိုး ကွဲပြားနေကြသော ကလေးများကို ပုံသေကားကျ၊ စိုက်ထူထားသည့် စနစ်မဏ္ဍိုင်၊ ဘောင်ပတ်လည်တွင် ဆရာလုပ်သူများက ကလေးများကို ကျောင်းနှင့် သင့်တော်အောင် တာဝန်ကြီးလေးစွာ ပြုပြင်နေကြရသည်။

ကျွန်မမြင်သည့် ကျောင်းမျိုးက ဤသို့ မဟုတ်ချေ။ ကျောင်းတွင် အချုပ်အချယ် အကန့်အသတ် မရှိစေရဘဲ အခြေအနေ ပုံပန်းသဏ္ဍာန်အားဖြင့်လည်း ကလေးများ စိတ်နှင့်အညီ ကလေးကြိုက်သလို ဖြစ်နေရမည်။ သူတို့၏ လောကလေးများ ကျယ်ဝန်းမြင့်မားသလောက် သူတို့၏ကျောင်းသည် ကျယ်ဝန်း မြင့်မားရပေမည်။ သူတို့၏ ပညာနယ်ပယ် ကျယ်ဝန်းလာသည်နှင့်အမျှ ကျောင်းသည်လည်း ကျယ်ဝန်းလာရပေမည်။ ကလေးများသည် ပညာသင်ရေးအတွက် သူတို့ပတ်ဝန်းကျင်တွင် တွေ့ရသမျှ ပစ္စည်းများကို အသုံးပြုသကဲ့သို့ ကျောင်းသည်လည်း အသုံးပြုရပေလိမ့်မည်။

ကျွန်မ ကျောင်းတည်ထောင်နေရာ ရပ်ကွက်မှာ စာရေးဆရာများ၊ ပန်းချီဆရာများ နေထိုင်သော ရပ်ကွက်ဖြစ်ပေသည်။ သူတို့၏ ကျေးဇူးကို ကျွန်မ ဘယ်သောအခါမှ မေ့နိုင်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏ ကျောင်းတွင်ထားရန်အတွက် ရှေးဦးစွာ သူတို့၏ သားသမီးများကို သူတို့သဘောအတိုင်း လာရောက်အပ်နှံသော ကလေးမိဘများ ဖြစ်သောကြောင့်ပင်။ ဤသူများသည် သူတို့အလုပ်အကိုင်အားဖြင့်ပင်လျှင် ရှေးက ပုံသေ ချထားခဲ့သည့်စနစ်များ၊ အထင်အမြင်များကို အကောင်းအဆိုးအလိုက် ခွဲခြား၍ ပြုပြင်ရန် ကြိုးစားနေကြသော သူများဖြစ်ရကား ကလေးများ၏ ပင်ကိုသဘာဝ ပညာရှာဖွေရေး အင်အားကို အထူးဖွံ့ဖြိုးစေမည့် ကျွန်မ၏ အယူအဆကို သူတို့သည် လွယ်လင့်တကူပင် အသိအမှတ်ပြုခဲ့ကြလေသည်။

mgyoe.com

mgyoe.com


သူတို့၏ ထင်မြင်ယူဆချက်များ တည်တံ့အောင်မြင်ရေးအတွက် တချို့သောသူတို့သည် အိမ်ရာနှင့် သူတို့၏ လုံခြုံရေးတို့ကို ပစ်ပယ်ကာ စွန့်စွန့်စားစား ပြုလုပ်နေကြရလေသဖြင့် ကလေးများ၏ ကိုယ်စီကိုယ်င တန်ဖိုးကို ကြင်နာစွာ အရေးပေး စဉ်းစားနိုင်ကြလေသည်။ ထိုသူတို့ကား အသစ်အဆန်း တစ်စုံတစ်ခုကို အသစ်အဆန်း ဖြစ်နေသည့်အတွက်မူ ကြောက်ရွံ့လေ့ မရှိကြချေ။

ကျွန်မ ကျောင်းဖွင့်သည့် ရပ်ကွက်သည် ဆင်းရဲသား အလုပ်သမားများ၊ အများအပြား နေထိုင်ကြသော ရပ်ကွက်တစ်ခု ဖြစ်ပေသည်။ နာမည်ကြီး ကချေသည်တချို့ နေထိုင်ကြောင်းကိုကား နောင်မှ ကျွန်မ သိရပေသည်။ လမ်းပေါ်တွင် ကျောက်မီးသွေးတင် လှည်းများ သွားလာနေသည်ကို တွေ့မြင်ရတတ်သည်။ ကျွန်မတို့ ကျောင်းရှိ မီးဖိုတွင် အသုံးပြုသော ကျောက်မီးသွေး အဘယ်က ရကြောင်း သိလိုသော အခါတွင် ကျွန်မတို့သည် ကျောက်မီးသွေးလှည်းအလွတ်တစ်ခု နောက်ကို လိုက်သွားရလေသည်။ ကျောက်မီးသွေးလှည်းသည် ကျွန်မတို့အား ကျောက်မီးသွေးတင် သင်္ဘောရှိရာ ကမ်းနားဆိပ်သို့ ရှေ့ဆောင်ခေါ်သွားပေလိမ့်မည်။ ထိုနေရာတွင် လှည်းပေါ်သို့ ကျောက်မီးသွေးများ တင်နေသည်ကို တွေ့နိုင်ရန် သင်္ဘောမှ လူများကို မေးခြင်းအားဖြင့် ကျွန်မတို့သည် ကျောက်မီးသွေးကို သူတို့ အဘယ်နေရာမှ ယူလာကြောင်း သိနိုင်ပေသည်။

လမ်းပေါ်တွင် ဂျုံအိတ်တင်ကားများ မောင်းနှင်လာသည်ကို တွေ့နိုင်သေးသည်။ လမ်းဘေးတစ်နေရာတွင် ဆိုင်ရှေ့ထွက်ကာ လက်တွင် ကပ်နေသော ဂျုံမှုန့်များကို လက်ချင်းပွတ်၍ ခါချနေသည့် ပေါင်မုန့်ဖို အလုပ်သမား တစ်ဦးကိုလည်း တွေ့နိုင်ပေသည်။ ထိုအခါ ကျွန်မတို့သည် ပေါင်မုန့်ဖိုသို့သွား၍ ထိုသူ ဂျုံမှုန့်များကို နယ်လျက်

mgyoe.com

mgyoe.com

အလုံးလေးများလုပ်ကာ မုန့်ဖုတ်နေသည်ကို ကြည့်ရှု လေ့လာနိုင်ကြသည်။

လှည်းတစ်စီးလုံးမောက်အောင် တင်လာသော ကုန်စိမ်း အသီးအနှံ အရွက်များကိုလည်း တွေ့နိုင်သည်။ ထိုလှည်းများနောက်သို့ လိုက်သွားခြင်းဖြင့် ကုန်စိမ်းဆိုင်များသို့ လည်းကောင်း၊ ကုန်စိမ်းများ ယူဆောင်လာသည့် မီးရထားဘူတာရုံသို့လည်းကောင်း ရောက်ရှိလေ့လာနိုင်ကြသည်။ ကျွန်မတို့၏ ကျောင်းခန်းမှပင် တစ်ခါတစ်ရံ မီးရထားသံများကို သဲ့သဲ့ကြားရသည်။ မြစ်တွင်းရှိ အသွားအလာအသံများကိုကား အဆက်မပြတ်လိုလို ကြားနေကြရပေသည်။

ကျွန်မ၏ စွန့်စားခန်းကို စတင်ရန် ဤနေရာထက် ပိုမို သင့်လျော်သော နေရာတစ်ခုကို ကျွန်မ မတွေ့နိုင်ပေ။ ၄ လမ်းနှင့် ၁၂ လမ်းထောင့်မှနေ၍ ကျွန်မတို့သည် ကလေးများ မောပန်းစေလောက်အောင် ဝေးဝေးမသွားဘဲ ကိစ္စပြီးစီးနိုင်ပေသည်။ ကလေးများ၏ မေးခွန်းကို အဖြေပေးရန်အတွက် ခရီးတိုလေးများ ထွက်နိုင်ကြပေသည်။ နေ့စဉ် မြင်နေကျ အကြောင်းအရာများနှင့်ပတ်သက်၍ စတင်ဖြစ်ပေါ်ရာ နေရာရင်းသို့မရောက်သည်တိုင်အောင် ကလေးများ ကျေနပ်လောက်နိုင်သော အခြေခံအဆင့်အထိ သွားရောက်ကြည့်ရှု လေ့လာနိုင်ကြပေသည်။

ကလေးခြောက်ယောက်နှင့်အတူ ကျွန်မသည် သင်္ဘောဆိပ်တွင် အချိန်ကြာမြင့်စွာ နေလေ့ရှိသည်။ ရေယာဉ်များသည် အဆက်မပြတ် သွားလာနေကြသဖြင့် ကလေးများအတွက် မေးခွန်းကလေးများ မေးရန်အကြောင်းများ ဖြစ်ပေါ်လာလေသည်။ သို့သော် အစတွင် သူတို့သည် ရှက်ပြီး မမေးဝံ့ကြဘဲ ရှိကြသည်။ ကျွန်မက သူတို့အတွက် မေးမပေးသောအခါတွင်ကား သူတို့ကိုယ်တိုင် အရဲစွန့်၍ အလုပ်သမား

mgyoe.com

mgyoe.com



ရေယာဉ်သမားများကို မေးပြီး၊ ထိုသူတို့က ရင်းနှီးကြင်နာစွာ ပြန်လည်ဖြေကြားသောအခါများတွင် သူတို့အစွမ်းကို သူတို့ ယုံကြည်လာပြီး ရဲတင်းလာကြလေသည်။ အလုပ်လုပ်နေသူများအား ဤသို့ ကျွန်မတို့လာရခြင်း၏ အကျိုးအကြောင်းများ ပြောပြထားသည်။ ဤမှုသာ ကလေးများကို အကူအညီပေးခဲ့သည်။ ထိုသူများကလည်း ကလေးများ၏ ပညာရေးတွင် အကူအညီပေးရန် အခွင့်ရသည်ကို များစွာ ကျေနပ်ကြလေသည်။ ကလေးများက သူတို့၏ အသံလေးများနှင့်မေးသော မေးခွန်းကို စိတ်ရှည်လက်ရှည်နှင့် နားလည်အောင် ပြန်လည် ဖြေကြားကြလေသည်။ ကျွန်မတို့သည် သင်္ဘောဆိပ်တွင် ကုန်တင်ရန်လာသော လှည်းတစ်စီး၏ နောက်မြီးတွင် တစ်နာရီခန့်ထိုင်၍ မြစ်ထဲတွင် သွားလာနေကြသော လှေ၊ သမ္ဗန် သင်္ဘောများနှင့် ကုန်များတင်၍ ဝင်လာပြီး ကုန်များချ၍ အလွတ်ပြန်ထွက်သွားကြသော ကုန်တင်လှေငယ်များကို ကြည့်နေခဲ့ကြသည်။ ထို့နောက် လှည်းအပြည့် ပစ္စည်းမျိုးစုံ တင်ပြီးသောအခါတွင် လှည်းမောင်းသူအား မည်သည့်နေရာများသို့ ထိုကုန်များကို သယ်ဆောင်သွားကြမည်နည်းဟု မေးကြသည်။

သို့သော် ဗဟုသုတပေါင်းစုံကို စုဆောင်းနေရုံနှင့်ကား မပြီးပေ။ ၎င်းတို့ကိုသိပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်၍ ပြန်လည်အသုံးချနိုင်ခြင်းသည် ကြံစည်တွေးတောရန် သင်ယူခြင်း၏ အစပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့သည် အကြောင်းအရာတချို့ သိရပြီးသောအခါ ၎င်းတို့ကိုအသုံးပြုရန် ကျောင်းသို့ လျင်မြန်စွာ ပြန်လာတတ်ကြသည်။

ကျောင်းတွင် သစ်သားတုံးကလေးများ ကစားစရာလေးများဖြင့် ကလေးများ ကြံစည်စဉ်းစားဉာဏ်နှင့်ပတ်သက်သော လေ့ကျင့်ခန်းများကို ကြမ်းပေါ်တွင် ထိုင်၍ ပြုလုပ်ကြသည်။ ဤနေရာတွင် ကလေးများသည် သူတို့ ရရှိခဲ့သော အကြားအမြင်၊ အချက်အလက်

mgyoe.com

mgyoe.com


များကို အသုံးချကြလေတော့သည်။ တချို့က မေးခွန်းလေး မေးတတ်ကြသည်။ သို့သော် များသောအားဖြင့် သူတို့၏ နား၊ မျက်စိများကို သုံးစွဲခြင်းဖြင့် လေ့ကျင့်ခန်း လုပ်လိုက်ကြသည်။ ကလေးငယ်များအတွက် သူတို့ ခေါင်းထဲရှိ အရာဝတ္ထုများကို ပြန်လည် ပြောဆိုပြရခြင်းထက် အမူအရာ၊ အလုပ်အကိုင်အားဖြင့် ပြုလုပ်ပြရခြင်းက ပိုမိုလွယ်ကူ၍ သူတို့အတွက် အဆင်သင့် ဖြစ်သည်။ သူတို့၏ ဦးခေါင်းထဲတွင် သဘော်များ မြစ်ထဲသွားလာနေပုံ၊ ကုန်တင်ကုန်ချလုပ်နေပုံ၊ လှည်းများက ကုန်များ သယ်ယူသွားလာပုံများကို ကျကျနန၊ သေသေချာချာ သိရှိနေသော်လည်း ပြန်လည်ပြောပြရသောအခါတွင် ထိုသိနေသလောက် သေချာစွာ မပြောပြနိုင်တော့ပေ။ အလုပ်ကို အမှီပြု၍ သူတို့ နားလည်မှု ရရှိကြသည်။ စကားဖြင့် နားလည်မှုကား နောင်ကြီးပြင်းလာမှသာ ဖြစ်နိုင်ပေမည်။

အစတွင်ကား လေးထောင့်သစ်သားတုံးလေးကို လှေပြုလုပ်ကြသည်။ တကယ် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သူတို့က လှေဟုထားလိုက်လျှင်ပင် တကယ်လှေဟု စိတ်ထဲတွင်ယူဆလျက် ဤအတိုင်းမြင်ကြသည်။ သို့သော် အတန်ကြာလာသောအခါ ထိုသို့သော လေးထောင့်သစ်သားတုံးကို လှေပြုလုပ်ခြင်းကို တချို့ ကလေးတို့က မကျေမနပ် ဖြစ်လာကြသည်။ ထိပ်တစ်ဖက်ချွန်နေမှ ပိုမိုတူမည်ဖြစ်ရကား ခုံတန်းပေါ်သွား၍ သစ်သားတုံးကို ပြုပြင်ကြသည်။ ထိုအခါတွင် သူတို့အတွက် လွှ အစရှိသော ကိရိယာများ အသုံးပြုရန် လိုလာတော့သည်။ သူတို့ မှတ်မိသော ပုံပန်းသဏ္ဍာန်ကို သူတို့ကိုယ်တိုင် ပြန်လည်ပြုလုပ်ရန်အတွက် ကိရိယာ တန်ဆာပလာများကို အသုံးပြုရန် စတင်လေ့လာကြလေသည်။ ထို့ပြင် သူတို့သည် ပစ္စည်းများကို ဆင်တူပြုလုပ်ရာဝယ် အရေးကြီးသော အခြေခံပုံပန်းကို ရယူနိုင်ကြသည်ဟု

mgyoe.com

mgyoe.com



သူတို့အပေါ်တွင် သင် ယုံကြည်ချက် ထားရှိနိုင်ပေပြီ။ ဤသို့ တစ်ဖက်ချွန်နေသော သစ်သားတုံးကလေးကိုမြင်လျှင် မည်သူမဆို လှေကလေးဟူ၍ ထင်မြင်နိုင်ပေသည်။ အခြားအရာနှင့် မလွဲနိုင်တော့ပေ။ အကယ်၍ သင်သည် ကလေးတစ်ယောက်အား လှေ၏သင်္ဘောက်တွင် ထူးခြားချက် ဘာများရှိသနည်းဟု မေးကြည့်ပါက သူ ဖြေကြားနိုင်လိမ့်မည် မဟုတ်ပေ။ သို့သော် သူ့စကားဖြင့် ပြန်လည်ပြောမပြနိုင်သောပုံသင်္ဘောက်တစ်ခုကို သင်မခိုင်းရဘဲနှင့်ပင်လျှင် အလုပ်ခုံသို့သွားလျက်ပြုလုပ်ပြနိုင်ပေလိမ့်မည်။

မြစ်သည် ကျွန်မတို့အတွက် ဗဟုသုတအများဆုံး ရနိုင်စေရကား ကလေးများ ကစားရာတွင် အရေးပါ အရာရောက်ဆုံး ဖြစ်နေလေတော့သည်။ သစ်သားလှေကလေးများ သွားလာစုန်ဆန်နေကြသည်။ ပင်လယ်သွား သင်္ဘောကြီးများက ပင်လယ်ဝတွင် ကျောက်ချနေကြသည်။ ဥသြသံများဖြင့် ဆူနေလျက် အလုပ်ရှုပ်နေကြလေသည်။

မြစ်နှင့်မြို့ ဆက်စပ်မှုများကို မြင်တွေ့လာကြသောအခါတွင် မြို့နှင့်ဆိုင်ရာ လမ်းများ၊ အိမ်များ၊ ဆိုင်များ၊ ကစားရာတွင် တိုးတက်လာလေတော့သည်။ သို့သော် ဆူဆူညံညံ လှုပ်လှုပ်ရှားရှားရှိလှသော ဆိပ်ကမ်းနှင့် ဘူတာရုံများကိုကား သူတို့ လက်မလွှတ်နိုင်၊ ထိုအရာများမပါလျှင် ကစား၍ မရနိုင်ကြပေ။

မိန်းကလေးများပင် တစ်ခါတစ်ရံ ဤသို့ ကစားကြလေသည်။ သို့သော် အချိန်အခါများကမူ မိန်းကလေးများသည် များသောအားဖြင့် အိမ်တွင်းကိစ္စများနှင့် ပတ်သက်ပြီးသာ ကစားလေ့ရှိကြသည်။ ထမင်းဟင်းချက်သည်။ မိခင်နှင့် ကလေး လုပ်ကစားသည်။ အဝတ်လျှော်၊ ပန်းကန်ခွက်ယောက်ဆေး၊ ကလေးနို့ဘူးတိုက်၊ ကလေးသိပ် စသည်ဖြင့် ကစားကြလေသည်။ သူတို့၏ အသိဉာဏ်နယ်ပယ်ကို ပိုမို ကျယ်

mgyoe.com